ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့ (4-6-2014) (၇၈၆၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

စစ်တွေ	၁ ဒသမ ၆၁ လက်မ
မော်ဘီ	၁ ဒသမ ၄၆ လက်မ
မိုးကုတ်	၁ ဒသမ ၃၄ လက်မ
လှိုင်လင်	၁ ဒသမ ၁၀ လက်မ

မော်လမြိုင်ကျွန်းမြို့နယ် ဥယျာဉ်ခြံအတွင်း၌ မိကျောင်းသိုက်နှင့် ဥများတွေ့ရှိ

ပုသိမ် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု စိန်ပန်းကျေးရွာနှင့် ဆင်မဝဲ ချောင်းကျေးရွာခွဲချောင်းရိုးအနီး ဥယျာဉ်ခြံအတွင်း ဇွန် ၁ ရက်က မိကျောင်းမတစ်ကောင် အသိုက်ပြုလုပ်ပြီး ဥများ ဥထားကြောင်း သိရသည်။

အဆိုပါ မိကျောင်းမသည် ဦးမိုးမြင့်၏ ဥယျာဉ်အတွင်း အသိုက်ပြုလုပ်၍ ဥများဥနေကြောင်းတွေ့ရပြီး ၎င်း မိချောင်း၏ အလျားမှာ ၁၂ ပေခန့်ရှိပြီး အချင်း သုံးပေ ခန့်ရှိ၍ ဇွန် ၂ ရက်တွင် ဦးစိုးမြင့်က ကျေးရွာအုပ်ချုပ် ရေးမှူးထံ အကြောင်းကြားပြီး မော်လမြိုင်ကျွန်းရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်မည်

နေပြည်တော် ဇွန် ၃

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီး ဌာနက ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၇ ရက် (စနေနေ့) နံနက် တွင် တစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း ထုတ်ပြန်မည်ဖြစ် ကြောင်းသိရသည်။

(သတင်းစဉ်)

နှစ်နိုင်ငံအကြား ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E.Ms. M.H. Schultz Van Haegen-Maas Geesteranus ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဟန်စိန်နှင့် ဦးအေးမြင့်မောင်တို့တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E.Mr. Johannes Andries Boer နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-နယ်သာလန် နှစ်နိုင်ငံအကြား ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက် သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ကိုးခရိုင်နှင့် နာဂဒေသသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘက်ဟိုးယာဉ် အစီး ၂၀ ပေးပို့မည်

စစ်ကိုင်း ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေနှင့် တိုင်း ဒေသကြီးရန်ပုံငွေ နှစ်ရပ်ပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကိုးခရိုင်နှင့် နာဂဒေသ စုစုပေါင်း ၁၀ နေရာတို့အား ဒေသဖွံ့ဖြိုးရေးအစီ အစဉ်အဖြစ် နေရာ တစ်နေရာလျှင် JCB-ဘက်ဟိုးလုပ်ဒါထရပ်တာယာဉ် နှစ်စီးနှုန်းဖြင့် ၁၀ နေရာအတွက် အစီး ၂၀ ကို ပေးပို့အသုံးပြုသွားမည်ဖြစ် ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးရုံး တာဝန်ရှိသူထံမှ သိရသည်။

ခရိုင်တစ်ခရိုင်လျှင် နှစ်စီးနှုန်းပေးပို့ အသုံးပြုရာတွင် JCB-ဘက်ဟိုးလုပ် ဒါထရပ်တာယာဉ် အစီး ၂၀ တွင် 92 HOT POWER 4/4 ဘက်ဟိုး ၁၀ စီး နှင့် 76-HOT POWER 4/2 ဘက်ဟိုး ၁၀ စီးတို့ကို တစ်ခရိုင်လျှင် ဘက်ဟိုး အကြီး 92 နှင့် အသေး 76 တစ်စီးစီ ပေးပို့အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပေးပို့အသုံးပြုနိုင်ရန် အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့၏လမ်းညွှန်မှုဖြင့် JCB ဘက်ဟိုး လုပ်ဒါထရပ်တာယာဉ် ထိန်းသိမ်း ကိုင်တွယ်မောင်းနှင်မှုသင်တန်းဖွင့်ပွဲ ကို ၂၀၁၄ ခုနှစ် ဇွန် ၂ ရက်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ○

ကြေးမုံစာတည်းရှုထောင့် ၄-၆-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

စာအုပ်စာပေ လူ့မိတ်ဆွေ

'အလိမ္မာ စာမှာရှိ' ဆိုရိုးစကားရှိသည်။ လူ့နယ်ပယ်တွင် အရာရာမှာ ကျွမ်းကျင်လိမ္မာ၊တတ်သိလိမ္မာရှိဖို့ စာတတ်ဖို့လိုသည်။ မျက်မှောက်ကာလကို "ပညာခေတ်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြရာ ဒေသသုံးစာတစ်ခုတည်းနှင့် မလုံလောက်နိုင်တော့ပါပြီ။ နိုင်ငံတကာသုံး အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုလည်းကျွမ်းကျင်ပိုင်နိုင်ပြီးရေးတတ်ပြောတတ်ရှိနေဖို့လိုအပ်ပါသည်။ထို့အပြင် အာရှတိုက်သားများအတွက် တရုတ်၊ ဂျပန်၊ ကိုရီးယား ဘာသာစကား အားလုံးမဟုတ်သည့်တိုင် တစ်ခုခုလောက်တတ်ထားပါမှ တော်ကာကျပါမည်။

စာနှင့်စကားတွင် စကားကိုသင်ရလွယ်ကူသည်။ "စာ"ကား အားလုံးသိပြီးသည့်အတိုင်း သဒ္ဒါစည်းကမ်းများနှင့် ကျစ်ကျစ်လျစ်လျစ်ဖွဲ့တည်ထားရာ သင်ယူရာတွင် အခက်အခဲရှိနိုင်ပါသည်။ သို့သော်လည်း မသင်မဖြစ်သင်ကြရမည်သာ။ ကမ္ဘာ့ရတနာဘဏ္ဍာတိုက်ကို ဖွင့်လှစ်နိုင်မည့် "သော့"နှင့်တူသည့် နိုင်ငံတကာသုံး အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်ထားနိုင်ပါမှ မိမိတို့ဘဝအတွက်သာ တန်ဖိုးရှိသော စာပေရတနာများကို လေ့လာသိရှိနိုင်ပါမည်။ ဤသည်ပင် အလိမ္မာစာမှာရှိခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဖတ်စရာ၊ မှတ်စရာ၊ လေ့လာစရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် အတွေးအမြင် ဗဟုသုတစာအုပ်စာပေများ အများအပြားထွက်ရှိလျက် အသင့်ရှိနေသည်။ အားလုံးကို မဝယ်နိုင်လည်း အရေးမဟုတ် တစုတဝေးတည်း စုစည်းထားပြီး စာကြည့်တိုက်များရပ်ကွက်တိုင်းမှာ ရှိနေပြီဖြစ်ပါသည်။ နည်းပညာအကျိုးဆက် အင်တာနက်ပေါ်မှာလည်း ကောင်းနိုးရာရာ ရွေးချယ်ဖတ်ရှုလာနိုင်ပါပြီ။

ဖတ်ရှုလေ့လာမှတ်သားသူများအား အကျိုးပွားစေ၍ ထိုထိုသောစာအုပ်စာပေများသည် လူသားများ၏ မိတ်ဆွေစစ် မိတ်ဆွေမှန်များဖြစ်ပါသည်။ လောကတွင် သက်ရှိ မိတ်ဆွေ၊ သက်မဲ့မိတ်ဆွေဟူ၍ရှိရာ စိစစ်ရယူတတ်ဖို့သာ လိုပါသည်။ အားလုံးမိတ်ဆွေများပင်ဖြစ်ပါသည်။

သက်ရှိမိတ်ဆွေများတွင် "လူ့အကြောင်းပေါင်းမှသိ" ဆိုသလို "ကြာကြာဝါးမှ ခါးမှန်းသိ" အတုအယောင်မိတ်ဆွေများ ဒုနှင့်ဒေးရှိတတ်ပါသည်။ "အရိပ်နှင့်မိတ်ဆွေတုတို့သည် နေသာခိုက်မှာသာရှိကြသည်"ဟု ဘင်ဂျမင်ပရင်ကလင် ခံစားမိန့်ဆိုသလို ဘဝနေသာချိန်မှာ အတုအစစ်ကိုခွဲခြားရခက်ခဲတတ်ပါသည်။ လောကဓံအလှည့်အပြောင်းဘဝနိမ့်ပါးချိန်မှာမှ မျှဝေခံစားသည့် မိတ်ဆွေစစ်များကိုတွေ့လာရတတ်ပါသည်။

ထိုနည်းတူသက်မဲ့စာအုပ်စာပေများတွင်လည်း အားလုံးသည် လူ့မိတ်ဆွေများဖြစ်လား၊ မဖြစ်လားဆိုသည်မှာ ဖတ်ရှုသူ၏ လက်ခံရယူတတ်မှုဉာဏ်ရည် အနိမ့်အမြင့်က အဆုံးအဖြတ်ပြုသွားတတ်ပါသည်။ လောကသဘာဝ အဆိုးအကောင်းဟူသည် ရှိစမြဲဖြစ်ပါသည်။ စာအုပ်စာပေများတွင်လည်း အကျိုးပြုစာပေများရှိတတ်သလို အဆိပ်အတောက်ဖြစ်စေသည့်၊ ဒုက္ခဖြစ်စေသည့် စာအုပ်စာပုပ်များလည်းရှိပြန်ပါသည်။ သာမန်လူများအတွက် အထူးသဖြင့် ခွဲခြမ်းစိတ်ဖြာ ဉာဏ်နုနယ်သူမျိုးဆက်သစ်လေးများအတွက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်မှတ်စေခြင်းငှာ မိဘဆရာများက လမ်းခင်းပေးနိုင်ကြရပါမည်။

ဘဝအတွေ့အကြုံ ရင့်ကျက်တည်ငြိမ်ရှိနေပြီးသူများအတွက်ကား စာအုပ်မရွေးဖတ်နေလည်း ထိုထိုသော အဆိုးအကောင်းများကို ရှောင်ရန်နှင့် ဆောင်ရန် ခွဲခြားလက်ခံအသုံးချနိုင်စွမ်းရှိနေပြီးဖြစ်၍ အားလုံးသော စာအုပ်စာပေဟူသမျှ ထိုလူများအတွက် မိတ်ဆွေဖြစ်သွားစေပါသည်။ "လူ့ဘဝကို အသက်လေးဆယ်မှစသည်"ဟုဆိုကြသည်။ ဘဝခရီးမှာ ချိုင်နစ်ခါးရသာ စုံလင်ရှိလာခဲ့ပြီးဖြစ်ရာ အသက်လေးဆယ်အရွယ်သည် တည်ငြိမ်သော ဘဝတစ်ခုအတွက် တစ်ဆစ်ချိုးအခါကာလကောင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များအတွက် စာအုပ်စာပေဟူသမျှ အားလုံးမိတ်ဆွေ ဖြစ်သွားရသည်။ တစ်သက်တာလုံးရှောင်သင့်သည့် အသိနှင့် တစ်သက်တာလုံးကိုယ်နှင့်မကွာ ဆောင်သင့်သည့် ပညာကို ခွဲခြားရယူနိုင်စွမ်းရှိသူများ ဖြစ်သွားကြပြီ။ ဘဝအတွေ့အကြုံက သင်ပေးလိုက်ပြီးဖြစ်ပါသည်။

အနှစ်ချုပ်ရပါလျှင် လူ့မိတ်ဆွေစာအုပ်စာပေဆိုသည်မှန်၏။ အဆိပ်အတောက်ဖြစ်စေသည့် စာအုပ်စာပေများကိုကား မိတ်ကောင်းဆွေမွန်ဟု မဆိုထိုက်ပါ။ စာပေအသိရှိလည်း မလိမ္မာမိုက်မဲနေကြသူများ ဝန်းကျင်မှာ အများအပြား။ အကျိုးပွားစေမည့် စာများကို ရွေးချယ်ဖတ်တတ်ဖို့လိုအပ်ကြောင်း မီးမောင်းထိုးပြနေသော ပြယုဂ်များပင်ဖြစ်ပါသည်။ ထိုထိုသော အကျိုးယုတ်စေသည့် စာပေစာစုများ နယ်ပယ်အသီးသီးမှာရှိနေသည်။ ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ စာအုပ်စာပေထုတ်ဝေဖြန့်ဖြူးရေး ပရမ်းပတာဖြစ်မနေဖို့လည်း မိမိတို့ အထူးသတိပြုသင့်၊ ဆင်ခြင်သင့်ပါပြီ။ မျိုးဆက်သစ်လေးများကို လက်ဆင့်ကမ်းကောင်းမွေပေးနိုင်ဖို့ ဖတ်မှတ်စရာ စာကောင်းပေမွန်များ ဖြန့်ဝေပေးသွားကြပါစို့။ ။

GYM & Fitness နည်းပြသင်တန်းဖွင့်

နေပြည်တော် ဇွန် ၃

စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းများ အောင်မြင်မှုရရှိရေးအတွက် အထောက်အကူဖြစ်စေမည့် GYM & Fitness နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၄)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Fitness Center သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။

GYM & Fitness သင်တန်းသို့သင်တန်းသား သင်တန်းသူ ၂၄ ဦးတက်ရောက်ကြပြီး ဇွန် ၁၂ ရက် အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ခေတ်မီကိုယ်ကာယကြံ့ခိုင်ရေးစက်များကို ကျွမ်းကျင်စွာကိုင်တွယ်သင်ကြားနိုင်ရန် စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ကလည်း နည်းပြသင်တန်းသုံးကြိမ်ဖွင့်လှစ်၍ GYM & Fitness နည်းပြ ၆၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Fitness Center အတွင်း ခေတ်မီစက်များဖြင့် နှလုံးကြွက်သား၊ ပေါင်ကြွက်သား၊ ပခုံးကြွက်သား၊ ခြေထောက်ကြွက်သား၊ ခန္ဓာကိုယ်အပေါ်ပိုင်းကြွက်သား၊ ဝမ်းဗိုက်ကြွက်သား၊ ခါးကြွက်သားသန်မာလာစေရေးအတွက် လေ့ကျင့်နေမှုများ၊ စက်ဘီးနှင့်လှေလှော် အားကစားသမားများအတွက် သီးခြားလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး GYM & Fitness နည်းပြသင်တန်းခန်းမတွင် သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းအတွင်းရှိ ပင်မဆေးခန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သွားရောဂါကုသပေးနေမှုများ၊ အားကစားသမားများအား စိတ်ပညာအထူးကုဆရာဝန်ကြီးများဖြင့် စိတ်ပညာဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို ကြည့်ရှုအားပေးကြပြီး ဆေးပစ္စည်းစတိုခန်းအတွင်း ဆေးဝါးများစနစ်တကျသိမ်းဆည်းသိုလှောင်ထားရှိမှုများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

အားကစားဝန်ကြီးဌာနရှိ ဆေးဘက်ဌာနခွဲအနေဖြင့် အားကစားသမားများလေ့ကျင့်မှုကြောင့် ကုန်ခန်းသွားသောကယ်လိုရီများ ပြည့်ဝအောင် စားသုံးနိုင်ရေးနှင့် လိုအပ်သောအားဆေးများ ဖြည့်စွက်တိုက်ကျွေးခြင်း၊ အားကစားစိတ်ပညာဆိုင်ရာ စစ်ဆေးနှစ်သိမ့်အားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လိုအပ်သော ကြိုတင်ကာကွယ်မှု၊ ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ခေတ်မီစက်များအသုံးပြု၍ အပြည့်အဝဆောင်ရွက်ပေးခြင်း၊ တားမြစ်ဆေးဝါးဆိုင်ရာအသိပညာပေးခြင်း၊ အားကစားသမားများ၏ ကြံ့ခိုင်သန်စွမ်းမှု၊ လျင်မြန်မှုနှင့် သက်လုံကောင်းမွန်မှုတို့ကို ခေတ်မီလေ့ကျင့်ရေးစက်များအသုံးပြု၍ အချိန်တိုအတွင်း လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိရေး ကြီးစွာအထောက်အပံ့ပြုနိုင်ခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိရေးအတွက်လည်း အလားတူပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့ရှိ အားကစားလေ့ကျင့်ရေးစခန်းများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင်လည်း အလားတူ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၃

ရန်ကုန်	ရွှေဈေး	၆၄၆၄၀၀	- ၆၄၆၉၀၀
မန္တလေး	ရွှေဈေး	၆၄၆၁၀၀	- ၆၄၆၆၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၆၆. ၀၀
(ခ) ဥရောပ	တစ်ယူရို	=၁၃၁၄. ၀
(ဂ) တရုတ်	တစ်ယွမ်	= ၁၅၄. ၆၁
(ဃ) ထိုင်း	တစ်ဘတ်	= ၂၉. ၄၆၉
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၃၃
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၅၁
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၄၃. ၆၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၂၉၅
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၉၁
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၈. ၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကျန်းမာရေးလုပ်ငန်းစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇွန် ၃

မြန်မာလူမျိုးများ သက်တမ်းရှည်ရှည် ကျန်းမာစွာ နေနိုင်ရေး၊ (၅)နှစ်အောက်ကလေး၊ မွေးကင်းစကလေးနှင့် မိခင်သေနှုန်းကျဆင်းရေး၊ ဆေးရုံများ အဆင့်မြင့်တင်ရေးနှင့် တက္ကသိုလ်များကို နိုင်ငံတကာ အဆင့်မီစေရေး၊ ပြည်သူများ ကျေနပ်လောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာတွင် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာရှိရေးသည် အထူးအရေးပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ရွှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြောကြားသည်။**(အပေါ်ပုံ)**

ဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်ဝသော ပညာရှင်များ လုံလောက်စွာ မွေးထုတ်နိုင်ရန် လိုအပ်သဖြင့် အဆိုပါလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အကြံဉာဏ်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြရန်လည်း ဆက်လက်ပြောကြားသည်။

ယင်းနောက် အုပ်စုလိုက် အကြံပြုဆွေးနွေးကြပြီး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က အလုပ်ရုံဆွေးနွေးပွဲဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆေးတက္ကသိုလ်များနှင့် နှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အငြိမ်းစားပါမောက္ခချုပ်များနှင့် ကျွမ်းကျင်ဆေးပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ (၁/၂၀၁၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၃

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ (၁/၂၀၁၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြီးခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် လမ်းညွှန်ချက်အရ National Grid ရောက်ရှိရာ နှစ်မိုင်ပတ်လည်အတွင်း လျှပ်စစ်မီး ရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆပ်ကော်မတီအနေဖြင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ Grand Aid အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ သန်းဖြင့် လျှပ်စစ်မီး မရရှိသေးသည့် ကျေးရွာများတွင် Solar Charging Station & Solar Home System များ အသုံးပြုလျက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Asian Development Bank (ADB) နှင့်လည်း ကျေးလက်စွမ်းအင်ရရှိရေး Phase- 1,2,3 အပိုင်း သုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာဒေသအလိုက် ဖြစ်နိုင်ခြေရှိသော၊ စရိတ်သက်သာပြီး အကျိုးရှိထိရောက်သော၊ ရေရှည်အသုံးပြုနိုင်သော Solar Power၊ Hydro Power၊ Wind Power၊ Bio-gas၊ Bio-mass နှင့် အင်ဂျင်ပါဝါသုံး Generator System တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ကျေးရွာပေါင်း ၁၅၄ ရွာတွင် Solar စနစ်၊ ကျေးရွာပေါင်း ၃၉ ရွာတွင် Generator စနစ်၊ ကျေးရွာပေါင်း ၃၈ ရွာတွင် Hydro Power စနစ်၊ လေစွမ်းအင်သုံးစနစ်ဖြင့် ကျေးရွာတစ်ရွာ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြုသည့် Bio-gas/Bio-mass စနစ်ဖြင့် ကျေးရွာ လေးရွာနှင့် 1 Watt Solar မီးအိမ် စုစုပေါင်း ၂၃၁၈၆ လုံးကို ကျေးရွာ ၅၄၃ ရွာ စုစုပေါင်းကျေးရွာပေါင်း ၇၇၉ ရွာတွင် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများမှ နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်တိုင်းအလိုက် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဝန်ကြီးဌာနအလိုက် ကျေးလက်မီးလင်းရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းများ စိစစ်သည့်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို စိစစ်သည့် အစည်းအဝေးကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး၌ ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များတက်ရောက်ကြပြီး ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့၏ အကြံပြုချက်များအပေါ်တွင် ထပ်မံဖြည့်စွက်ရန်ကိစ္စရပ်များကို ညှိနှိုင်းကြပြီး အစည်းအဝေး ထပ်မံကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ဆွေးနွေးဆဲ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို ဆက်လက်စိစစ်သည့် အစည်းအဝေးကို ကျင်းပရာ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဥပဒေကြမ်း၏ အပိုဒ်ခွဲအလိုက် တစ်ပိုဒ်ချင်းလေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

✳ ရှမ်းဖုံးမှ

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ဘိုကလေးမြို့နယ် သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရပြီး ၎င်းမိချောင်းသိုက်ရှိရာအနီးသို့ လူများလာရောက်ခြင်းမပြုရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးရွာအတွင်း လိုက်လံအသိပေးကြေညာထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃

ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ ယနေ့ နံနက်ပိုင်းတွင် ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပင်မအထောက်အကူပြုဗဟိုဌာန အဆောက်အအုံသစ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

အဆိုပါ အဆောက်အအုံသစ်သည် အလျားပေ ၁၂၀၊ အနံ ၃၆ ပေရှိ အာရ်စီနှစ်ထပ်ဖြစ်ကာ ငွေကျပ်သိန်း ၂၄၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ယင်းအဆောက်အအုံတွင် အရည်အသွေးမြင့်မားသော ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ ပြန်ကြားဆက်သွယ် ပညာပေးသင်ထောက်ကူပစ္စည်းများ၊ လက်စွဲစာစောင်များ ပြုစုထုတ်ဝေဖြန့်ချိခြင်း၊ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးမှုအခြေခံကောင်း ရရှိစေရန် ဝန်ဆောင်မှုပေးနိုင်သည့် ဌာနအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များမှ စံနမူနာပြအဖြစ် လေ့လာသင်ယူစေနိုင်ခြင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ (ECCD) ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များကို စုစည်းကောက်ယူခြင်း၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများ ဆန်းစစ်အကဲဖြတ်ခြင်း၊ ပြည်တွင်းပြည်ပ မိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

○ စစ်ကိုင်းတိုင်းဒေသကြီးမှ

တနင်္လာနေ့ နံနက် ၉ နာရီက မုံရွာမြို့ သလ္လာရပ်ကွက် ပေ ၈၀ လမ်းရှိ မုံရွာမြို့နယ် အမှတ်(၄)စက်မှုလယ်ယာစခန်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးရွှေဝင်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးရွှေဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဝန်ကြီးနှင့်အဖွဲ့က ဘက်ဟိုးများကို ကြည့်ရှုစစ်ဆေးသည်။ ဘက်ဟိုးလုပ်ဒါထရပ်တာထိန်းသိမ်းကိုင်တွယ်မောင်းနှင်မှုသင်တန်းကို ဇွန် ၂ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

ခါးသီးသော သမိုင်းစာမျက်နှာကို ပြည်ဖုံးကားချ ပါလက်စတိုင်း အမျိုးသားညီညွတ်ရေးအစိုးရ ပေါ်ထွန်း

ရာမာလာ ဇွန် ၃

ခါးသီးသော သမိုင်းစာမျက်နှာကို မိမိတို့ အမြဲထာဝရ ပြည်ဖုံးကားချနိုင်ခဲ့ပြီဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဇွန် ၂ ရက်တွင်ပြုလုပ်သော အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ပြောကြားလိုက်သည်။

ခုနစ်နှစ်ကြာမျှ နိုင်ငံရေးနှင့် လူမှုရေးအရ အကွဲအပြဲများ ဖြစ်ပေါ်ခဲ့ပြီးနောက် အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ကို မိမိတို့ဖွဲ့စည်းနိုင်ပြီဖြစ်ကြောင်း ဇွန် ၂ ရက်က အနောက်ဘက်ကမ်း ရာမာလာမြို့၌ ပြုလုပ်သော အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် သမ္မတအဘတ်စ်က ပြောကြားသည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို ပေါင်းစပ်လျက် အုပ်ချုပ်ရေးကဏ္ဍသစ် ဖွင့်လှစ်မည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သည် အနောက်အုပ်စုနိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့၏ ရန်သူတော် ဟားမားစ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ထိုစဉ်အတွင်း ပါလက်စတိုင်း ညီညွတ်ရေး အစိုးရအဖွဲ့သစ်ကို သပိတ်မှောက်မည်ဟု အစ္စရေးအစိုးရက ပြောကြားခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်မှန်းချက် ပေါက်မြောက်ကာ သဘောထားကွဲလွဲမှုများ ပြေပျောက်စေရန်အလို့ငှာ ညီညွတ်ရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘက်စ်က ပြောကြားခဲ့သည်။

ဟားမားစ်အဖွဲ့နှင့် ပြန်လည်သင့်မြတ်မှုရရှိရန် မိမိ၏ကြိုးပမ်းချက်အတွက် မည်သည့်အခါတွင်မျှ နောင်တရမည်မဟုတ်ကြောင်း အဘတ်စ်က ပြောကြားသည်။

ပါလက်စတိုင်းအစိုးရအဖွဲ့သစ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်ဝန်ကြီးများ ပါဝင်ပြီး ၎င်းတို့သည် ဖာတာအဖွဲ့၊ ဟားမားစ်အဖွဲ့ သို့မဟုတ် အခြားသောမည်သည့် နိုင်ငံရေးအုပ်စုတစ်ခုခုနှင့်မဆို ဆက်နွယ်မှုမရှိကြပေ။

အစ္စရေးနိုင်ငံကို အသိအမှတ်ပြုရန်၊ အကြမ်းဖက်မှုကို ရှုတ်ချရန်၊ နိုင်ငံတကာ သဘောတူညီချက်များနှင့် ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်ဟူသော အချက်များမှာ မိမိကျင့်သုံးမည့် မူဝါဒသစ်ပင်ဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။ **ရိုက်တာ။**



ဇွန် ၂ ရက်က အနောက်ဘက်ကမ်း ရာမာလာမြို့၌ ပထမဆုံးအကြိမ် ဝန်ကြီးအဖွဲ့သစ်အစည်းအဝေး ကျင်းပစဉ်။

အမေရိကန်တပ်ဖွဲ့ဝင်နှင့် တာလီဘန်ငါးဦး ဖလှယ်မှု သဘောထားကွဲလွဲမှုဖြစ်ပေါ်

ဝါရှင်တန် ဇွန် ၃

တာလီဘန်တို့ဖမ်းဆီးထားသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လွတ်မြောက်ရေးအတွက် ဂွါတာနာမိုပင်လယ်အော်ထိန်းသိမ်းရေးစခန်းမှ အကျဉ်းသားငါးဦးနှင့် အလဲအလှယ်ပြုလုပ်ခဲ့သော ကိစ္စရပ်အပေါ်တွင် အမေရိကန်ပြည်ထောင်စု၏ အဓိကပါတီကြီးများ အငြင်းပွားလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် နိုင်ငံကလည်း အကျဉ်းသားများကို တတိယနိုင်ငံ တစ်နိုင်ငံသို့ လွှဲပေးခြင်းသည် နိုင်ငံတကာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်ဟု ဝေဖန်လိုက်သည်။

လွှတ်ပေးလိုက်သည့် တာလီဘန်များသည် လူထောင်ပေါင်းများစွာ သေဆုံးရမှုအတွက် တာဝန်ရှိသူများဟု ဆိုဖွယ်ရာရှိပြီး ၎င်းတို့သည် တိုက်ပွဲများအတွင်း ပြန်လည်ဝင်ရောက်နိုင်သော စွမ်းရည်များရှိနိုင်သည်ဟု အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ပြောကြားသည်။

အောက်လွှတ်တော် ထောက်လှမ်းရေး ကော်မတီဥက္ကဋ္ဌ ရီပတ်ဘလီကန်အမတ် မိုက်ရိုဂျာက အယ်လ်ခိုင်ဒါအဖွဲ့၏ ပြန်ပေးဆွဲရန် ခြိမ်းခြောက်မှုများအတွက် ဝါရှင်တန်က တန်ဖိုးတစ်ခု သတ်မှတ်ပေးလိုက်ပြီဟု စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

တပ်ကြပ်ကြီးဘာ့ဒ်ဒါးလ်၏ မိဘနှစ်ဦးနှင့်အတူ သမ္မတအိုဘားမားကို တွေ့ရစဉ်။

ရီပတ်ဘလီကန်အမတ် အဒန်ကင်ဇင်ဂျာကလည်း တပ်ကြပ်ကြီး ဘာ့ဒ်ဒါးလ် လွတ်မြောက်လာခြင်းကို အခမ်းအနားဖြင့် ကြိုဆိုရမည်ဖြစ်ပြီး တာလီဘန်တို့ လွှတ်ပေးခြင်းကိုမူ တုန်လှုပ်ချောက်ချားဖွယ်ရာဟု ခေါ်ရမည်ဟုဆိုသည်။

တာလီဘန်တို့အား လွှဲပြောင်းပေးမည့် ကိစ္စရပ်ကို အိုဘားမားအစိုးရက ကွန်ဂရက်သို့ အချိန်လုံလောက်စွာ ကြိုတင်အသိပေးမှု မပြုလုပ်ခဲ့သဖြင့် ဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ အငြင်းပွားမှု ထွက်ပေါ်လာသည်။

အဆိုပါ တာလီဘန်ငါးဦးသည် ကျူးဘားရှိ အမေရိကန်ထောင်၌ ဖမ်းဆီးထားသည့် အာဖဂန်များအနက် အဆင့်မြင့်ဆုံး အကျဉ်းသားများဖြစ်ကြသည်ဟု ယူဆရသည်။ ၎င်းတို့ကို ၂၀၁၁ ခုနှစ် အမေရိကန်စစ်ဆင်ရေးအတွင်း၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်၌ တာလီဘန်တို့ ဖမ်းဆီးခြင်းခံထားရသော အမေရိကန်တပ်ဖွဲ့မှ တပ်ကြပ်ကြီးဘာ့ဒ်ဒါးလ်ကို စနေနေ့တွင် အမေရိကန်တပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။

၂၀၀၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ၎င်းပျောက်ဆုံးသွားချိန်၌ ပါကစ္စတန် နယ်စပ်အနီး ပက်တီကာပြည်နယ်ရှိ ခြေလျင်တပ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ **ဘီဘီစီ။**



ယူကရိန်းအရှေ့ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

ကီယက်ဗ် ဇွန် ၃

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဆလိုဗန့်စ်မြို့ဒေသတစ်ဝိုက်တွင် ပြင်းထန်သောတိုက်ခိုက်မှုများ ဖြစ်ပွားနေကြောင်း ရုရှားနှင့် ယူကရိန်းသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဇွန် ၃ ရက် နံနက်အစောပိုင်းတွင်ယူကရိန်းတပ်ဖွဲ့များက အဆိုပါမြို့အနီးသို့ အမြောက်များဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဒေသဝေဟင်အတွင်း ယူကရိန်းစစ်လေယာဉ်များပျံသန်းခဲ့ကြောင်း အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

ဆလိုဗန့်စ်မြို့အနီးရှိ အခြေစိုက်စခန်းများကို ခွဲထွက်ရေးဝါဒီများက တိုက်ခိုက်ခဲ့ရာတွင် လူ ၁၃ ဦး သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းအစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယူကရိန်းပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ခွဲထွက်ရေးသမားများက လမ်းများကိုပိတ်ဆို့ထားပြီး အဖျက်လုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဖော်ပြသည်။

ရုရှားဘာသာစကားပြော ယူကရိန်းအရှေ့ပိုင်းဒေသတွင် ရက်သတ္တတစ်ပတ်ကြာမျှ ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များ တိုက်ခိုက်နေကြသည်။ ယင်းဒေသတစ်ဝိုက်ရှိ အချက်အချာကျသော အဆောက်အအုံများကို ထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်နေကြခြင်းဖြစ်သည်။ **ဘီဘီစီ။**

အီဂျစ်အစိုးရအဖွဲ့သစ် ပေါ်ထွန်းလာမှု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်

ကိုင်ရို ဇွန် ၃

အီဂျစ်နိုင်ငံ၌ အစိုးရအဖွဲ့သစ် ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြန်လည်မြင့်တက်လာမည့် မျှော်လင့်ချက်များ ဖြစ်ပေါ်လာရကြောင်း အမေရိကန် ဝေါစထရိဂျာနယ်က ဇွန် ၃ ရက်တွင် ရေးသားဖော်ပြသည်။

အီဂျစ်နိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်နှင့် ပုဂ္ဂလိက ကုမ္ပဏီများ၌ မကြာသေးမီလများမှစ၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်လာခဲ့သည်။

အီဂျစ်နိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ ဗိုလ်ချုပ်ကြီးဟောင်း အဗ္ဗဒူဖာတာအယ်လ်စီစီ အောင်ပွဲခံခဲ့ပြီးနောက် နိုင်ငံ ပြန်လည်တည်ငြိမ်မှုရရှိလာကာ အမျိုးသားစီးပွားရေးကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ဒေသဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများက မျှော်လင့်လျက်ရှိကြသည်။

ရာထူးမှဖြုတ်ချခံခဲ့ရသော သမ္မတဟောင်း မိုဟာမက် မော်စီနှင့် ၎င်း၏ မွတ်စလင်ညီနောင်များအဖွဲ့တို့ကို ဆန့်ကျင်ခဲ့ကြသော ပင်လယ်ကွေ့ အာရပ်နိုင်ငံများသည် အီဂျစ်နိုင်ငံအား စီးပွားရေးအကူအညီများ ပြန်လည်ပေးအပ်ရန် ကတိပြုခဲ့ကြသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် ကူဝိတ်နိုင်ငံတို့သည် ချေးငွေနှင့်လှူဒါန်းငွေ ဒေါ်လာ ၁၂ ဘီလီယံအထိ ထုတ်ပေးမည်ဟု ကတိပြုခဲ့ကြသည်။

အီဂျစ်နိုင်ငံ၌ ၂၀၁၁ ခုနှစ် လူထုအုံကြွမှုနှင့်အတူ သမ္မတဟော့စနီမူဘာရက် ပြုတ်ကျခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ ကျဆင်းခဲ့ရသည်။

အီဂျစ်နိုင်ငံတွင် ပထမဆုံးအကြိမ် လွတ်လပ်စွာရွေးချယ်တင်မြှောက်ခံရသော သမ္မတမော်စီအား လွန်ခဲ့သည့်နှစ်က တပ်မတော်က ဖယ်ရှားခဲ့ပြီးနောက် ပင်လယ်ကွေ့ အာရပ်နိုင်ငံများက ဘဏ္ဍာရေးအကူအညီများကို ပြန်လည်ပေးရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အီဂျစ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံအထိ ချေးငွေများ ထုတ်ပေးရေးကိစ္စကို ဆွေးနွေးခဲ့သည်။ **ရိုက်တာ။**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီး ဂီဇာအရပ်ရှိ ပိရမစ်များနှင့် လူခြင်္သေ့ ကျောက်ရုပ်တုတို့ကို ကြည့်ရှုလေ့လာနေကြသော ကမ္ဘာလှည့် ခရီးသည်များ။

ပါကစ္စတန်တွင် စစ်လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးနှစ်ဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၃

ပါကစ္စတန်လေတပ် (ပီအေအက်ဖ်)မှ လေယာဉ်မှူးနှစ်ဦး ဇွန် ၃ ရက်က လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးကြောင်း၊ လေ့ကျင့်ပျံသန်းနေစဉ် လေထုအတွင်းပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်ကျသွားခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကရာချိမြို့အနီး ဘာဒီယာမြို့တွင် လေယာဉ်ပျက်ကျခဲ့ပြီး မြေပြင်မှ လူအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း အရှက်ဦးအမည်ရှိ အွန်လိုင်းသတင်းစာတွင် ဖော်ပြသည်။

ပျက်ကျသည့် လေယာဉ်အပိုင်းအစများ ပျံ့နှံ့သွားသည်။ ဘတ်စ်ကားသုံးစီး မီးလောင်ပျက်စီးခဲ့ပြီး အနီးအနားရှိအဆောက်အအုံများ ပျက်စီးသွားကြောင်း သတင်းတွင် ဖော်ပြသည်။

လေယာဉ်ပျက်ကျရခြင်းမှာ စက်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုများ ဆွေးနွေး

နေပြည်တော် ဇွန် ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗြိတိန်ကာကွယ်ရေးဦးစီးချုပ်ဟောင်း General Sir David Richards (အငြိမ်းစား)အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဗြိတိန်ကာကွယ်ရေးဦးစီးချုပ်ဟောင်း General Sir David Richards (အငြိမ်းစား) နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Andrew Patrick၊ စစ်သံမှူး Colonel Tony Stern နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ဗြိတိန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုအခြေအနေများ၊ လက်ရှိ ဒီမိုကရေစီဖော်ဆောင်မှုတွင် တပ်မတော်၏ရပ်တည်မှုအခန်းကဏ္ဍဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး ကွယ်လွန်

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးသည် ယနေ့ နံနက် ၁ နာရီ ၁၃ မိနစ်တွင် ရန်ကုန်မြို့ရှိ ဝိတိုရိယ ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဦးလှထွေးကို ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့တွင် အဘ ဦးရွှေထွန်း၊ အမိ ဒေါ်စံလှဥတို့က ၁၉၃၁ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က ဟင်္သာတမြို့တွင် နေထိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဟင်္သာတမြို့ အစိုးရ အထက်တန်းအောင်မြင်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာအပိုင်း(ခ)အထိ ပညာသင်ကြားခဲ့သည်။ ဘွဲ့ရပြီးနောက် သတင်းစာလောကသို့ ဝင်ရောက်ခဲ့ပြီး နေးရှင်း အင်္ဂလိပ်သတင်းစာတွင် ၁၉၆၃ ခုနှစ် အထိ သတင်းအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၆၀ ခုနှစ်တွင် ကုလသမဂ္ဂ ပညာတော်သင်ဆု ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် စတုတ္ထမဏ္ဍိုင်ဆုကို ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် စာပေလောက၌ ဝတ္ထုနှင့်ဇာတ်ညွှန်းများ ရေးသားခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ANTARA သတင်းဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဂျပန်နိုင်ငံ Nikkei Shimbun သတင်းစာတွင် အကြီးတန်းသတင်းထောက်အဖြစ် ဝင်ရောက်ခဲ့ပြီး မကွယ်လွန်မီအချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club) ကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က တည်ထောင်ရာတွင် စတင်တည်ထောင်သူတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှစပြီး ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးလှထွေးသည် ကွယ်လွန်ချိန်တွင် အသက် (၈၄)နှစ်ရှိပြီး ဇနီးဖြစ်သူ ဒေါ်နုနုထွေးနှင့်အတူ သားသမီးသုံးဦး ကျန်ရှိခဲ့သည်။ **(သတင်းစဉ်)**

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ယာဉ်မတော်တဆမှု ၂၀၇ ကြိမ်ဖြစ်ပွား၊ ယမန်နှစ်ထက် နှစ်ဆပိုမိုဖြစ်ပွားခဲ့

နေပြည်တော် ဇွန် ၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် နေ့စဉ်ယာဉ်စီးရေ ၁၂၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိသည်။

လမ်းအသုံးပြုသူများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုများလည်း များပြားလာခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၂၅၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၁၃ ဦး သေဆုံးကာ ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ၁-၁-၂၀၁၄ ရက်မှ ၃၁-၅-၂၀၁၄ ရက်အထိ ယာဉ်မတော်တဆမှု ၂၀၇ ကြိမ်ဖြစ်ပွားပြီး ၈၉ ဦးသေဆုံးကာ ၄၁၁ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၃ ခုနှစ်ထက် နှစ်ဆခန့် ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်ပွားခဲ့သောပြစ်မှုများအား ပြန်လည်စိစစ်ခဲ့ရာတွင် ယာဉ်မောင်းနှင့် ယာဉ်တို့၏ချို့ယွင်းမှုကြောင့် အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ယာဉ်မောင်းသူကြောင့်ဖြစ်ပွားသောပြစ်မှုများတွင် ယာဉ်မောင်းမကျွမ်းကျင်မှု၊ အရှိန်ပြင်းမောင်းနှင်မှု၊ အိပ်ငိုက်မှုတို့ကြောင့်ဖြစ်ပြီး ယာဉ်ကြောင့်ဖြစ်ပွားသောပြစ်မှုများတွင် တာယာကြံ့ခိုင်မှု အားနည်းခြင်း၊ ယာဉ်အောက်ပိုင်းကြံ့ခိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါ အားနည်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေး ကြိုတင်ကာကွယ်ခြင်းအဖြစ် အမြန်လမ်းရဲတပ်ဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ ၂၄-၅-၂၀၁၄ ရက်မှစတင်၍ ရန်ကုန်တိုးဂိတ်၊ နေပြည်တော်တိုးဂိတ်၊ စကားအင်းတိုးဂိတ်တို့မှ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၄ ရက်အထိ ယာဉ်မောင်းလိုင်စင်အတုဖြင့် မောင်းနှင်မှု လေးမှု၊ ယာဉ်မောင်းလိုင်စင်မပါ ရှစ်မှု၊ ယာဉ်နောက်လိုက်လိုင်စင်မပါ ၁၄ မှု၊ ယာဉ်လိုင်စင်မပါ ၂၇ မှု၊ ယာဉ်လိုင်စင်သက်တမ်းလွန် ငါးမှု၊ လုပ်ငန်းချိုးဖောက်မှု ၁၉ မှု၊ လမ်းပြောင်းပြန်မောင်းနှင်မှု တစ်မှုတို့အား မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများဖြင့် အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တာယာကြံ့ခိုင်မှု အားနည်းသောယာဉ်များနှင့် သတ်မှတ်ကုန်တန်ချိန်ထက် ပိုမိုတင်ဆောင်သော ယာဉ်များအား အမြန်လမ်းပေါ်သို့ တက်ရောက်ခွင့်မပြုဘဲ လမ်းလွှဲစေလွှတ်ခဲ့ပြီး ထပ်မံချိုးဖောက်မှုများ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသလို ယာဉ်မောင်းလိုင်စင်အတုဖြင့် မောင်းနှင်သူ လေးဦးအား အမှတ်(၃) လမ်းဆုံအမြန်လမ်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ရာ ဆက်စပ်တရားခံ လေးဦးအား ထပ်မံဖော်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသော ကွင်းဆက်တရားခံများ အားလည်း ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးအရေးယူခြင်းတို့အား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်-မန္တလေးအမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီစနစ်ကို ကိုယ်စားပြု ပညာဘဏ်သိုက် ပြည်သူ့စာကြည့်တိုက်

ဝေယံမောင်

စာကြည့်တိုက်ဟူသည်

စာကြည့်တိုက် (Library) ဟူသည့်ဝေါဟာရမှာ လက်တင်ဘာသာဖြင့် စာအုပ်ဟု အဓိပ္ပာယ်ရသော Libei ဟူသည့်စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ဆိုပါသည်။ စာကြည့်တိုက်ကို သာမန်အားဖြင့် စာအုပ်များ သိုလှောင်ထားရှိရာအခန်း သို့မဟုတ် အဆောက်အအုံဟု မြင်တတ်ကြပါသည်။ အမှန်တကယ်မှာမူ စာကြည့်တိုက်ဟူသော စကားလုံးကပင်လျှင် စာကြည့်ရန်၊ စာဖတ်ရန်၊ စာရေးရန်၊ စာပေလေ့လာရန်နေရာဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပြနေသည်ကို အလွယ်တကူ သိမြင်နိုင်ပါသည်။ တစ်နည်းဆိုရသော် စာကြည့်တိုက်သည် စာအုပ်စာတမ်းများကို စုဆောင်းထားရုံမျှမက ယင်းစာအုပ်စာတမ်းများကို စာဖတ်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စနစ်တကျ စီစဉ်ပြုလုပ်ထားသော နေရာဟု အဓိပ္ပာယ် သတ်မှတ်နိုင်ပါသည်။

နိုင်ငံတိုင်းတွင် စာကြည့်တိုက် အနည်းနှင့်အများဆိုသလို ရှိကြပြီး တိုးတက်သော နိုင်ငံများတွင်မူ စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် မြင့်မားသောနေရာ၌ အထင်ကရ တည်ရှိနေပါသည်။

ပြည်သူ့စာကြည့်တိုက်ဟူသည်

ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ အများပြည်သူဆိုင်ရာ ရန်ပုံငွေဖြင့် ပံ့ပိုးပေးပြီး ဥပဒေဖြင့် ထူထောင်ထားသည့် လူမှုရေးဆိုင်ရာအဖွဲ့အစည်း ဌာနတစ်ခုဖြစ်ပါသည်။ စာကြည့်တိုက်အသုံးပြုသူအားလုံးကို ခွဲခြားမှုမရှိစေရဘဲ တန်းတူညီမျှ လမ်းဖွင့်ပေးကာ လိုအပ်သည့် ဗဟုသုတကို အခမဲ့ ဖြန့်ဖြူးပေးသည့် နေရာလည်းဖြစ်ပါသည်။

ပညာဘဏ်သိုက်

စာပေဗိမာန်စာကြည့်တိုက်သည် ပြည်သူ့စာကြည့်တိုက်ဖြစ်သည့် အားလျော်စွာ လူတန်းစားအမျိုးမျိုး၊ စိတ်ဝင်စားမှုအသွယ်သွယ်၊ စာဖတ်အရည်အချင်း အဆင့်ဆင့်ရှိသော နိုင်ငံသားအားလုံးအတွက် ရည်ရွယ်၍ ဘာသာရပ်စုံလင်အောင် စုဆောင်းထားရှိပါသည်။ ယနေ့အထိ မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ် ၄၈၀၆၈ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ် ၁၆၃၀၁ အုပ် စုစုပေါင်း ၆၄၃၆၉ အုပ်တို့ အပြင် နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်း အလွယ်တကူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပါသည်။ ၁-၁၀-၂၀၀၁ ရက်မှစ၍ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ယခုအခါ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် ရည်ညွှန်းစာဖတ်ခန်းတွင် မြန်မာစာအုပ် ၄၆၆၈ အုပ်၊ အင်္ဂလိပ်စာအုပ် ၅၉၇၁ အုပ် စုစုပေါင်း ၁၀၆၃၉ အုပ်ကိုလည်းကောင်း၊ ကလေးစာကြည့်တိုက်တွင် မြန်မာစာအုပ် ၁၄၇၇ အုပ်၊ အင်္ဂလိပ်စာအုပ် ၁၈၃၈ အုပ် စုစုပေါင်း ၃၃၁၅ အုပ်နှင့် ကလေးသူငယ်ဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်း၊ ကာတွန်းများ စောင်ရေ ၅၀၀၀ ခန့်ကို လည်းကောင်း ဖတ်ရှုနိုင်ရန် ထားရှိဆောင်ရွက်ပေးလျက်ရှိပါသည်။

စာပေဗိမာန်ရှိ မြန်မာစာအုပ်များတွင် အစောဆုံး ၁၈၈၀ ခုနှစ်တွင် ရေးသားခဲ့သော ပြဇာတ်များမှအစပြု၍ ယနေ့ထုတ်ဝေလျက်ရှိသော စာအုပ်များအထိလည်းကောင်း၊ အင်္ဂလိပ်စာအုပ်များတွင် ရှေးဟောင်းမြန်မာနိုင်ငံနှင့် ပတ်သက်၍ ၁၉၆၁ ခုနှစ်တွင် ရေးသားခဲ့သော စာအုပ်များမှ အစပြုကာ မျက်မှောက်ကာလတွင် ထွက်ရှိသောစာအုပ်များအထိ ရနိုင်သလောက် စုစည်းထားလေရာ စာပေချစ်မြတ်နိုးသူတို့အတွက် စာပေအရိပ်မြုံကောင်း တစ်ခုအဖြစ် နှစ်သက်အားရ ကျေနပ်ကြမည်ဖြစ်ပါသည်။

စာပေဗိမာန်စာကြည့်တိုက်၏ ဝန်ဆောင်မှုများ

စာပေဗိမာန်စာကြည့်တိုက်သို့ လာရောက်ဖတ်ရှုသူများ၊ စာအုပ်ငှားရမ်းသူများ အဆင်ပြေချောမွေ့မှုရှိစေရန်အတွက် e-Catalogue စနစ်နှင့် Manual Catalogue စနစ် နှစ်မျိုးလုံးထားရှိပြီး စာဖတ်သူစိတ်တိုင်းကျရွေးချယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ e-Book အဖြစ် စာအုပ်ပေါင်း ၁၁၀၀၀ ခန့်၊ ဂျာနယ်စာစောင်ပေါင်း ၇၈၆၂၊ မဂ္ဂဇင်း ၁၈၂၈ အုပ်တို့ကို အီလက်ထရွန်နစ်စာကြည့်တိုက်တွင် ဖတ်ရှုနိုင်ပြီဖြစ်ပြီး ထပ်မံ၍လည်း စာအုပ် ၆၀၀၀ ခန့်ကို e-Book အဖြစ် ဖတ်ရှုနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှစ်အလိုက် e-Book များ ထပ်မံတိုးပွားရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

စာဖတ်သူများအတွက် ကျယ်ဝန်းသည့် စာဖတ်ခန်းနှင့် လုံလောက်သည့် လေအေးပေးစနစ်၊ WiFi အခမဲ့ သုံးစွဲနိုင်သည့် အစီအစဉ်တို့ကိုလည်း ဆောင်ရွက်ပေးထားပါသည်။ မည်သူမဆို စာကြည့်တိုက် အသင်းဝင်နိုင်ရေး အတွက် အသင်းဝင်ကြေးများကို လျှော့ချသတ်မှတ်ခဲ့ရာ ယခုအခါ သာမန်အသင်းသားအဖြစ်ဝင်လိုပါက ဝင်ကြေး ၁၀၀၀ ကျပ်နှင့် နှစ်စဉ်ကြေး ၅၀၀ ကျပ်၊ အထူးအသင်းသားအဖြစ်ဝင်လိုပါက ဝင်ကြေး ၂၀၀၀ ကျပ်နှင့် နှစ်စဉ်ကြေး ၁၀၀၀ ကျပ်ဖြင့် အဖိုးနှုန်းချိုသာစွာ အသင်းဝင်အဖြစ် ဝင်ရောက်နိုင်ပြီဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်သည့် မည်သူမဆို အသင်းဝင်နိုင်ပါသည်။

သာမန်အသင်းသား တစ်ဦးအနေဖြင့် စာအုပ်တစ်အုပ်ငှားရမ်းနိုင်ပြီး မူလငှားရမ်းခွင့် ခုနစ်ရက်၊ နောက်ကျခွင့် ခုနစ်ရက်၊ အထူးအသင်းသား တစ်ဦးအနေဖြင့် စာအုပ် နှစ်အုပ်ငှားရမ်းနိုင်ပြီး မူလငှားရမ်းခွင့် ၁၀ ရက်၊ နောက်ကျခွင့် ၁၀ ရက် ခံစားခွင့်ရှိ၍ ယင်းထက်ကျော်လွန်မှသာ ရက်လွန်ကြေးအဖြစ် တစ်အုပ်လျှင် တစ်ရက် ၅၀ ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ အသင်းဝင်ကြေးကိုလည်း အကြောင်းအမျိုးမျိုးကြောင့် အသင်းဝင်အဖြစ်မှ နုတ်ထွက်မည်ဆိုပါက ပြန်လည်ထုတ်ပေးပါသည်။

အသင်းဝင်မဟုတ်သော်လည်း မည်သူမဆို စာကြည့်တိုက်သို့ လာရောက်၍ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်စာစောင်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများကို အခမဲ့လာရောက်ဖတ်ရှုနိုင်ပါသည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို အပတ်စဉ် တနင်္ဂနွေနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ လည်းကောင်း၊ စနေနေ့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိလည်းကောင်း ဖွင့်လှစ်ထားပြီး စာအုပ်ငှားချိန်ကို တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ၊ စနေနေ့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သတ်မှတ်ထားပါသည်။ မိမိငှားရမ်းလိုသော၊ ဖတ်ရှုလိုသောစာအုပ်ကို အချိန်မကုန်ရလေအောင် စာကြည့်တိုက်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်ချက်များ ရှိပါကလည်း အကြံပြုမှတ်တမ်းစာအုပ်တွင် လိုအပ်သလို အကြံပြုနိုင်ရန် စီစဉ်ထားရှိပါသည်။ လုပ်ဆောင်မှုအရပ်ရပ်၏ အဓိကရည်မှန်းချက်မှာ ပြည်သူ့စာကြည့်တိုက်ပီပီ ပြည်သူကို ဗဟိုပြုသော လုပ်ငန်းစဉ်တစ်ခုအဖြစ် ပီပြင်စွာ ရပ်တည်နိုင်ရေးပင် ဖြစ်ပါသည်။

ယင်းအပြင် စာကြည့်တိုက်နှင့် ပတ်သက်သည့် ဘွဲ့လွန်ပညာရပ်များ၊ စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာများ၊ စာကြည့်တိုက်ဆိုင်ရာ စာတမ်းများ ရေးသားပြုစုနိုင်ရေးအတွက်လည်း စာကြည့်တိုက်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးနေပြီး စာကြည့်တိုက်ဖွင့်လှစ်လိုသည့် မည်သည့် အဖွဲ့အစည်းမဆို စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ လုပ်ငန်းခွင်လက်တွေ့ ဆည်းပူးလေ့လာနိုင်စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်အား ကိုယ်စားပြု

ခြုံငုံသုံးသပ်ပါက စာကြည့်တိုက်ဟူသည် ပညာလိုလားသူ နိုင်ငံသားတိုင်း မိမိဘာသာ လွတ်လပ်စွာ ပညာရှာဖွေဆည်းပူးနိုင်သည့် တက္ကသိုလ်တစ်မျိုးပင်ဖြစ်ပြီး လူမှုဝန်းကျင် အသိုက်အဝန်းတွင်ရှိသောသူများ အားလုံးအား တူညီသော အခွင့်အလမ်းကို ဘက်လိုက်မှုမရှိဘဲ ဖြည့်ဆည်းပေးနေသည့် နေရာဖြစ်ပါသည်။

ပြည်သူ့စာကြည့်တိုက်သည် လူတစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးနှင့် လူမှုရေးမျှတမှုကို မြှင့်တင်ကာ အသိပညာဆိုင်ရာ လွတ်လပ်မှုနှင့် ဗဟုသုတတိုးပွားစေခြင်းကို အထောက်အကူပြုပြီး အထူးသဖြင့် ငယ်ရွယ်သော မျိုးဆက်သစ်များအကြား ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ မိမိကိုယ်ကို ယုံကြည်မှုတို့ကို ဖြစ်ထွန်းစေပါသည်။ ယင်းအပြင် စာဖတ်ခြင်းဓလေ့မှ အရင်းတည်၍ တစ်ဦးနှင့်တစ်ဦး သင့်တင့်လျောက်ပတ်သည့် ဆွေးနွေးပြောဆိုမှု ဖြစ်ပေါ်စေရန်လည်းကောင်း၊ ယေဘုယျပြဿနာအချို့နှင့် စပ်လျဉ်းပြီး သဘောထားအမြင်နှင့် အတွေ့အကြုံနှီးနှောဖလှယ်ရန်ကို လည်းကောင်း၊ လူမှုအဖွဲ့အစည်းတွင် ပွင့်လင်းပြီး အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးပြောဆိုမှုများအတွက် စင်မြင့်တစ်ခုအဖြစ်လည်းကောင်း လုပ်ဆောင်ပေးနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

ယင်းသို့ လုပ်ဆောင်နိုင်ခြင်းသည် လူ့အဖွဲ့အစည်း၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေသော ပင်မရေစီးကြောင်းတွင် အများပြည်သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာစေရေးကို အထောက်အကူပြုပြီး ထိုသို့အသိပညာဗဟုသုတများကို ပျံ့နှံ့စေခြင်းအားဖြင့် အသိဉာဏ်ပညာနှင့်ပြည့်စုံသော၊ မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုရှိသော နိုင်ငံသားများဖြစ်စေရန် ဖန်တီးပေးပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဒီမိုကရေစီ၏စစ်မှန်သော အနှစ်သာရများကို တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ပေးနေသည့် ပြည်သူ့စာကြည့်တိုက်များသည် ဒီမိုကရေစီစနစ်အား ကိုယ်စားပြုသော ပညာဘဏ်သိုက်များအဖြစ် အခိုင်အမာရှိနေပြီဖြစ်ရာ စာတတ်သူအရေအတွက်များပြားသော မိမိတို့နိုင်ငံတွင် စာမဖတ်သူ လျော့နည်းသည်ထက် လျော့နည်းစေရန်နှင့် လုံးဝပပျောက်သွားစေရန် အသိပညာပေးမှု၊ လှုံ့ဆော်စည်းရုံးမှုတို့ဖြင့် ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

အနာဂတ်အတွက် မျှော်လင့်ချက်

အသိပညာ ဗဟုသုတများ ရရှိစေနိုင်မည့် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်သည့် နိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက်များက စာဖတ်ခြင်းဖြင့် ဘဝအောင်မြင်မှုကို တက်လှမ်းလိုသည့် နိုင်ငံသားအပေါင်းကို လက်ကမ်း၍ ကြိုဆိုနေပါပြီ။

စာဖတ်ခြင်းဖြင့် ရရှိလာသည့် အသိပညာ အတတ်ပညာများဖြင့် မိမိတို့ လူမှုစီးပွားရေးအတွက် ထိရောက်စွာအကျိုးပြုနိုင်ရေး၊ မိမိတို့၏ စွမ်းဆောင်ရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြဿနာရပ်များကို မှန်ကန်စွာ ဖြေရှင်းနိုင်ပြီး ပိုမိုကောင်းမွန်သော တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိနိုင်ရေး တည်းဟူသော အခွင့်အလမ်းကောင်းများရရှိနေပြီ ဖြစ်ပါသည်။

နိုင်ငံသားတိုင်း ယင်းအခွင့်အလမ်းကောင်းများကို အမိအရ ဆုပ်ကိုင်ကာ မျက်မှောက်ခေတ်၏ အသိပညာများကို ပိုမိုကောင်းမွန်စွာ နားလည်တတ်မြောက်ခြင်းဖြင့် အနာဂတ်အတွက် အသိပညာအသစ်များ ဖန်တီးနိုင်စွမ်းကို အသုံးချစေလိုပါသည်။

ပညာသမား၊ အာဘာနတ္ထိ

အထူးသဖြင့် မျိုးဆက်သစ်များကို “ကျောင်းနေပျော်၍ စာတော်ရမည်” ဟူသော အသိအပြင် စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုးဖြစ်ရလေအောင် ကျောင်းစာပညာအပြင် အသိပညာ၊ အတတ်ပညာ အရာရာကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် အသုံးချစေလိုပါသည်။ “ပညာသမား၊ အာဘာနတ္ထိ” “ပညာနှင့်တူသော အလင်းရောင်သည်မရှိ” ဟူသော မြန်မာဆိုရိုးစကားသည် ယနေ့လိုပညာခေတ်တွင် ပညာ၏အရေးပါပုံကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြနေပါသည်။

ပညာတတ်နိုင်ငံသား အများအပြားရှိသော နိုင်ငံတို့၏ အံ့မခန်းတိုးတက်မှု၊ ပညာတတ် နိုင်ငံသားနည်းပါးသော နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအဆင့်အတန်း နိမ့်ကျမှုတို့ကို ချိန်ထိုးခြင်းအားဖြင့်လည်း ပညာရေး၏ အရေးပါမှုကို မှတ်မှတ်ထင်ထင် ဂရုပြုမိနေကြပြီဖြစ်ပါသည်။

သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို ကိုယ်စားပြုသည့် ပညာဘဏ်သိုက် ပြည်သူ့စာကြည့်တိုက်များ၏ စွမ်းဆောင်နိုင်မှုများကို အကျိုးရှိရှိ အသုံးချခြင်းအားဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးကို ပိုမိုကောင်းမွန်သော လူမှုအဖွဲ့အစည်း၊ အသိပညာပြည့်ဝသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ပါစေကြောင်း အလေးအနက် ဆန္ဒပြုအပ်ပါသည်။

ပြည်သူ့စာကြည့်တိုက်များ၏ အရေးပါမှု မြင့်မားသည်ထက် မြင့်မားအောင် မြှင့်တင်နိုင်ကြပါစေသတည်း။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဆေးဝါးနှင့်အာဟာရ ပြည့်စုံအောင် ထောက်ပံ့ခြင်းနှင့် အာဟာရဓာတ်ခွဲခန်းလုပ်ငန်းများ မြှင့်တင်ခြင်းလုပ်ငန်းများ လက်တွေ့ကျကျဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ၏ အဓိကအာဟာရချို့တဲ့မှုမှာ ဗီတာမင်ဘီဝမ်း ချို့တဲ့မှုဖြစ်ပါကြောင်း၊ အာဟာရပြည့်ဝခြင်းသည် လူတိုင်း၏ ခန္ဓာကိုယ်ကြီးထွားရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်နှင့် ကျန်းမာကြံ့ခိုင်ရန်တို့အတွက် အခြေခံလိုအပ်ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေကို တိုင်းတာရာ၌ ပြည်သူတို့၏ အာဟာရအခြေအနေဖော်ပြသည့် အညွှန်းကိန်းများကို အသုံးပြုလေ့ရှိကြပါကြောင်း။

ယနေ့ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံရှိသည့် လူငယ်များကိုကြည့်ပါက အများအားဖြင့် အရပ်ပု၊ သေးငယ်၊ ပိန်လှီနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အာဟာရဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ အာဟာရဆိုင်ရာ အသိပညာများကို ပြည်သူတစ်ရပ်လုံးသို့ ကျယ်ပြန့်စွာ အသိပညာပေးခြင်း၊ ပြည်သူများကို ဆေးဝါးနှင့် အာဟာရ ပြည့်စုံအောင် ထောက်ပံ့ခြင်းနှင့် အာဟာရဓာတ်ခွဲခန်းလုပ်ငန်းများ မြှင့်တင်ခြင်းစသည့် အချက်(၇)ချက်ပါ လုပ်ငန်းများကို လက်တွေ့ကျကျဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

အာဟာရဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီမံချက်များချမှတ် ဆောင်ရွက်ရာတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဦးစီးဌာနတစ်ခုဖြင့် သတ်မှတ်ဆောင်ရွက်သွားသင့်ပါကြောင်းဖြင့် "အာဟာရဖွံ့ဖြိုးရေး(Nutrition) ဆိုင်ရာလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း" အဆိုကို **ဝက်လက်မဲဆန္ဒနယ်မှသူရဦးအေးမြင့်**က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးတင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က မြန်မာနိုင်ငံသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်ကို အဆင့်တိုးမြှင့်ဖွဲ့စည်းရန်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်သာမက ခရိုင်/မြို့နယ်အဆင့်များ၌ တိုးချဲ့ဖွဲ့စည်းရန်တို့ကို စီစဉ်လျာထားခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သောလုပ်ငန်း(၇)ရပ်ကို

ကျန်းမာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်။

နှီးနွှယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစားအစာနှင့် အာဟာရပြည့်ဝရေးအဖွဲ့များကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များအထိ ဖွဲ့စည်းနိုင်ရန်လည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် Multiple Indicator Cluster Survey(MICS) လေ့လာမှုတွင် National Center for Health Statistics(NCHS) စံနှုန်းအရ (၅)နှစ်အောက် မြန်မာကလေးငယ်များအနက် (၃၈ ဒသမ ၆)ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်လျော့နည်းနေပြီး (၄၁ ဒသမ၆) ရာခိုင်နှုန်းသည် အရပ်ပုနေ၍ (၈ ဒသမ ၂)ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်း တွေ့ရှိရသည်။ ၂၀၁၀ ခုနှစ် Multiple Indicator Cluster Survey(MICS) လေ့လာမှုတွင် (၂၈)ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်လျော့နည်းနေပြီး (၂၈ ဒသမ ၆)ရာခိုင်နှုန်းသည် အရပ်ပုနေပြီး (၇ ဒသမ ၇)ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်းတွေ့ရှိရသဖြင့် (၅)နှစ်အောက်ကလေးများ အာဟာရအခြေအနေတွင် တိုးတက်လာ၍ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်

သတ္တုတွင်းဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

ဖြစ်သည့် ၂၀၁၅ ခုနှစ်၌ ကိုယ်အလေးချိန် လျော့နည်းမှုနှုန်း (၁၉ ဒသမ ၃)ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရှိရသည်။

"မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ကော်မတီဝင်တစ်ဦးက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို မူလပြဋ္ဌာန်းချက်၏ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ထားပြီး လိုက်လျောညီထွေဖြစ်ရန်နှင့် ပိုမိုပြည့်စုံရန်၊ ပုလဲထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက်ပေးသွင်းရမည့် အခကြေးငွေ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် ဒဏ်ကြေးများကို ခေတ်ကာလနှင့်အညီ ဆီလျော်မှုရှိစေရန်နှင့် ဒုတိယဝန်ကြီးဦးဆောင်သည့် ပုလဲပညာရှင်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်းခြင်းဖြင့် ပုလဲများကို တန်ဖိုး သတ်မှတ်ချက်များနှင့် စနစ်တကျတန်ဖိုးဖြတ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းအပေါ် စိစစ်တွေ့ရှိမှုကို ဖတ်ကြားရှင်းလင်းတင်ပြပြီး လွှတ်တော်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃)ဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေခေါင်းစီးဖြစ်သည့် "လာဘ်ပေးလာဘ်ယူယူပပျောက်ရေး" ဆိုသည့် စကားရပ်ကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေး"ဟု ပြင်ဆင်ခဲ့သော်လည်း ဥပဒေပြဋ္ဌာန်းချက်များတွင် "လာဘ်ပေးလာဘ်ယူမှု"ဆိုသည့် စကားရပ်များကို ပြင်ဆင်ခြင်းမပြုခဲ့သည့်အတွက် ဥပဒေခေါင်းစီးနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်၍ "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို ထပ်မံတင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်(ကိုယ်စား) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်က ဘဏ်များမှ ချေးငွေများ ချေးယူရာတွင် အချိန်ဆွဲမနေဘဲ လျင်မြန်စွာ ဆောင်ရွက် ပေးနိုင်ရန်နှင့် စာချုပ်စာတမ်းပါ အချက်(၁၆)ချက်ကို ထိုက်သင့်သလောက်ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းအရ အဓိကရယူသည့်အချက်(၁၁)ချက်သာရှိပါကြောင်း၊ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ချေးငွေရယူရာတွင် တင်ပြရသည့် အထောက်အထားများနှင့် ဖြေလျှော့ပေးနိုင်သည့် အချက်များကို ဖြေလျှော့ခြင်း၊ နိုင်ငံပိုင်ဘဏ္ဍာငွေဆုံးရှုံးမှုမရှိစေရန်နှင့် ချေးငွေလျှောက်ထားသူများ အချိန်မကြန့်ကြာစေရန်တို့အတွက် ဆောလျင်စွာ စိစစ်ထုတ်ချေးလျက်ရှိပါကြောင်း၊ အလားတူပုဂ္ဂလိကဘဏ်များအနေဖြင့် အများပြည်သူအပ်နှံငွေများ ဆုံးရှုံးမှုမရှိစေရန်နှင့် ချေးငွေလိုအပ်နေသူများကို ထုတ်ချေးပေးနိုင်ရန်အတွက် ဘဏ်၏ ချေးငွေကော်မတီ၊ ဒါရိုက်တာအဖွဲ့တို့က ဘဏ်၏အပ်ငွေအခြေအနေပေါ် မူတည်ပြီး စိစစ်ထုတ်ချေးပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်များကို နည်းလမ်းတကျပေးဆောင်ခြင်းမရှိသော ဂရန်အမည်ပြောင်းမှုများ အခက်အခဲရှိနိုင်မည်

နေပြည်တော် ဇွန် ၃

ပါတီငယ်များအား ထောက်ခံသူများအပါအဝင် ဆန္ဒမဲပေးသူအားလုံး၏မဲများ အလဟဿဖြစ်မသွားရေး၊ ပါတီစုံဒီမိုကရေစီစနစ်တွင် အားလုံးပါဝင်ခွင့် ပိုမိုပီပြင်လာရေး၊ ပါတီကြီးများကို ထိန်းကျောင်းပေးနိုင်ပြီး ရွေးကောက်ခံအာဏာရှင်စနစ်ဖြစ်ထွန်းခွင့်မရရေး စသည့် အကျိုးများရရှိနိုင်ရန် ရည်ရွယ်၍ **"လာမည့်ပါတီစုံမည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသား လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်ကအဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း"** အဆိုကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး စတုတ္ထနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးခင်မောင်လတ်။

သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုတင်သွင်းရာ၌ မြောက်မြားစွာသော ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ အသံ လွှတ်တော်အတွင်းသို့ အားလုံးနီးပါး ရောက်ရှိလာရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ ပြည်သူ့ဆန္ဒအသီးသီးနှင့် အသံစုံလင်စွာရောက်ရှိနိုင်ရေးနှင့် တင်ပြနိုင်ရေးသည် ပါတီစုံမှ ကိုယ်စားလှယ်များလွှတ်တော်ထဲသို့

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်။

ရောက်နိုင်မှသာ ပြည်သူများကိုယ်စား ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုပြောဆိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ယာယီ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ထုတ်ပေးရခြင်း၏ မူဝါဒသတ်မှတ်ချက်နှင့် ယင်းစာရင်းဖြင့် လာမည့်ရွေးကောက်ပွဲ၌ မဲထည့်ခွင့် ရှိ/မရှိနှင့် ရပ်ဝေးနေနိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသူများအတွက် အဆင်ပြေလွယ်ကူစေရန် စီစဉ်ထားရှိမှုတို့ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ယာယီအိမ်ထောင်စုစာရင်းများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ပေးရာတွင် မြို့အတွင်းနှစ်၊ လ ရှည်ကြာစွာ ရောက်ရှိနေထိုင်လျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား အချိန်မီဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံချက်လုပ်ငန်းညွှန်ကြားချက်အရ ယာယီအိမ်ထောင်စုလူဦးရေစာရင်း ပြုစုထုတ်ပေးခဲ့ပါကြောင်း၊ အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းသည် နိုင်ငံတော်၏ လိုအပ်ချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု လောလောဆယ်တွင် ယာယီအိမ်ထောင်စုလူဦးရေစာရင်းကို ထပ်မံထုတ်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ ပုဒ်မ ၆ တွင် ပါရှိသည့် (က)ရွေးကောက်ပွဲ စတင်ကျင်းပသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

✻ စာမျက်နှာ ၇ မှ

နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ၊ (ခ)သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူများသည် အမျိုးသား၊ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါကြောင်း။

လက်ရှိလွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်ရှိသူများသည် အိမ်ထောင်စုလူဦးရေစာရင်းရှိသူများအပြင် လက်ရှိနေရပ်လိပ်စာတွင် အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း နေထိုင်ခဲ့ပြီးသူဖြစ်ပါက အိမ်ထောင်စုလူဦးရေစာရင်းမရှိသည့်တိုင် ဥပဒေများနှင့်အညီ ဆန္ဒမဲပေးနိုင်ကြမည်ဖြစ်ပါကြောင်း။

နိုင်ငံသားဖြစ်ခြင်း ကိစ္စသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းသည် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်း စိစစ်ဆုံးဖြတ်ရသည့် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ အသက်(၁၀)နှစ်ပြည့် (သို့မဟုတ်) အသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားအား အိမ်ထောင်စု လူဦးရေစာရင်းဖြင့် မိမိနေထိုင်ရာမြို့နယ်တွင် လူကိုယ်တိုင်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်၍ မိမိမွေးဖွားရာ ဇာတိမြေသို့ ပြန်လည်သွားရောက်လုပ်ကိုင်ရန် မလိုအပ်ပါကြောင်း။

ထို့အတူ အသက်(၁၈)နှစ်ပြည့်သဖြင့် အသက်(၁၀)နှစ်မှ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်လျှောက်ထားခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ ပျက်စီးသဖြင့် မိတ္တူလျှောက်ထားခြင်းတို့ကိုလည်း မိမိလက်ရှိအိမ်ထောင်စု လူဦးရေစာရင်းရှိရာမြို့နယ်၌ပင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လူပုဂ္ဂိုလ်မှန်ကန်မှုနှင့် ကိုယ်ရေးအချက်အလက် မှန်ကန်မှုအတွက် မူလ မှတ်တမ်းရေးသွင်းခဲ့သော ကိုယ်ရေးမှတ်တမ်းများကို ရုံးအချင်းချင်း ဆက်သွယ်တောင်းခံရယူ၍ လာရောက်လျှောက်ထားသူနှင့် တိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက လက်ရှိနေထိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးများက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **“မန္တလေးမြို့တော် နယ်နိမိတ်အတွင်းရှိ မြို့ကွက်သစ်များတွင် ငွေသွင်းပြေစာနှင့် မြေကွက်ချထားပေးသော (စလစ်မြေ)များအား ဂရန်အမည်ပြောင်းရာတွင် ခက်ခဲမှုဖြစ်နေခြင်း၊ ယာယီမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ခက်ခဲနေခြင်းနှင့် အခွန်စည်းကြပ်မှု နောက်ကြောင်းပြန်အာဏာ သက်ရောက်မှုရှိခြင်းတို့အား မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက စလစ်မြေအား အမည်ပေါက်သူမှ ဂရန်ပြုလုပ်ပါက မည်သည့်အခွန်မှ ပေးဆောင်ရန် မလိုအပ်သော်လည်း စလစ်မြေအား ရောင်းဝယ်မှုပြုလုပ်ပြီး ဝယ်သူအမည်ဖြင့် ဂရန်အမည်ပေါက် လျှောက်ထားလာပါက အခွန်ပေးဆောင်ရမည်ဖြစ်ရာ နည်းလမ်းတကျဖြင့် အခွန်ပေးဆောင်ပြီးပါက ဂရန်အမည်ပေါက်အတွက် ခက်ခဲမှုမရှိနိုင်ပါကြောင်း၊ အဆိုပါ ဂရန်ကို ထပ်ဆင့်လွှဲပြောင်းရောင်းချပြီး အမည်ပြောင်းပြုလုပ်ပါက ထိုလွှဲပြောင်းမှုအတွက် တရားဝင်နည်းလမ်းဖြင့် လွှဲပြောင်းထားပါက ဂရန်အမည်ပြောင်းရန် ခက်ခဲမှုမဖြစ်နိုင်ပါကြောင်း၊ တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်များကို နည်းလမ်းတကျ ပေးဆောင်ခြင်းမရှိသော ဂရန်အမည်ပြောင်းမှုများတွင်သာ အခက်အခဲရှိနိုင်မည်ဖြစ်ပါကြောင်း။

အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်အကျိုးသက်ရောက်သော ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၆ အရ နိုင်ငံသားတစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိသော အခွန်သက်သာခွင့်ကို ခံစားနိုင်ပြီဖြစ်ပါကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်အရ အခြေပစ္စည်းဖြစ်သော အိမ်၊ ခြံ၊ မြေနှင့် အဆောက်အအုံ၊ ယင်းတို့၏အခန်းများနှင့် ယာဉ်စသည်တို့၏ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် အခွန်သက်သာခွင့်ကို တစ်ကျပ်မှ ကျပ်သိန်းငါးရာအထိ (၃)ရာခိုင်နှုန်း၊ ကျပ်သိန်းငါးရာတစ်ကျပ်မှ ကျပ်သိန်းတစ်ထောင့်ငါးရာအထိ (၁၀) ရာခိုင်နှုန်း၊ ကျပ်သိန်းတစ်ထောင့်ငါးရာတစ်ကျပ်မှ ကျပ်သိန်းသုံးထောင်အထိ (၂၀)ရာခိုင်နှုန်းနှင့် ကျပ်သိန်းသုံးထောင်နှင့်အထက် (၃၀) ရာခိုင်နှုန်းဖြင့် ခံစားရမည်ဖြစ်ပါကြောင်း၊ အခွန်စည်းကြပ်မှု နောက်ကြောင်းပြန်အာဏာသက်ရောက်မှု ရှိခြင်းကို ဥပဒေပြဋ္ဌာန်းချက်အရ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်အတည်ပြုထားသော နိုင်ငံသား၊ နိုင်ငံခြားသားပါဝင်မှုအချိုးသည် မူလဥပဒေပြဋ္ဌာန်းချက်ထက် ကျော်လွန်နေသည့် အမိန့်နှင့် ညွှန်ကြားချက်များအား မည်ကဲ့သို့ ပြန်လည်ထုတ်ပြန်သွားမည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စန်းလွင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀ တွင် “နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း (သို့မဟုတ်)ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (၈၀)ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်” ဟု ပြဋ္ဌာန်းပါရှိပါကြောင်း။

အဆိုပါ နည်းဥပဒေများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါ နည်းဥပဒေ ၂၀ တွင် နိုင်ငံခြားမတည်ငွေရင်းအချိုး ပြင်ဆင်သတ်မှတ်ခွင့်ကို ထည့်သွင်းဖော်ပြထားခြင်းမှာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆိုပါအချိုးသတ်မှတ်ချက်ကို အခြေအနေ အချိန်အခါနှင့်အညီ လိုအပ်သလို တိုး၍သော်လည်းကောင်း၊ လျှော့၍သော်လည်းကောင်း ပြင်ဆင်ရန်လိုအပ်ချက်နှင့် နိုင်ငံတကာ သဘောတူညီချက်များအားလိုက်ပါ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခက်အခဲမရှိဘဲ ချောမွေ့စွာလိုက်ပါ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအဖြစ်ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများသာဖြစ်ပြီး သီးခြားအမိန့်နှင့် ညွှန်ကြားချက်အဖြစ် ထုတ်ပြန်ထားခြင်း မဟုတ်ပါကြောင်း။

နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်မှုအချိုးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃)ပါ စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ် ထုတ်ပြန်ရန်အတွက် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားပြီး မကြာမီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **မြန်မာ့လေကြောင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးကြရာ လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် မေးခွန်း(၇)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၄)ခု အတည်ပြုခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အိမ်ရာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းနည်းပညာအကူအညီရရှိရေး မြန်မာ-ကိုရီးယားဆွေးနွေး

နေပြည်တော် ဇွန် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် Republic of Korea, Financial Services Commission မှ Chairman, Mr. Shin Je Yoon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံ၍ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများ နည်းပညာအကူအညီရရှိရေးနှင့် ချေးငွေကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မသန်ပေမယ့် စွမ်းဆောင်နိုင်ကြသည့် မသန်စွမ်းကျောင်းသား ကျောင်းသူများအား ထောက်ပံ့လှူဒါန်း

အမြင်နှင့် အကြားအာရုံချို့တဲ့သော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းနှင့် အလှူငွေအပ်ပွဲကို ဇွန် ၂ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ
ပညာရေးဝန်ကြီးဌာန

ကျောင်းကိုမလာနိုင်တဲ့ ကလေးတွေအတွက် Community Learning Centre (ကျေးရွာပဒေသာ centre)လို့ခေါ်တဲ့ နေရာတွေမှာ ကျောင်းဆရာတွေရောက်အောင်ပို့ပြီး သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားခြင်းမျိုး မဟုတ်ဘဲ အသက်(၁၅)နှစ်နှင့် (၁၅)နှစ်အထက်ကို သင်ကြားပေးသွားမှာပါ။ ကျောင်းသင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားမှုရှိသလို Non-Formal Education ပညာရေးမျိုးနဲ့ ကိုယ်အင်္ဂါချို့တဲ့ ကလေးတွေရော၊ စာမလိုက်နိုင်တဲ့ ကလေးတွေကိုရော တစ်ယောက်မကျန် သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

အမြင်အာရုံ၊ အကြားအာရုံချို့တဲ့နေပေမယ့် အခြေခံပညာကျောင်းတွေမှာ တက်ရောက်နေတဲ့ ကလေးတွေကို ပညာရေးဝန်ကြီးဌာနက အထူးအစီအစဉ်နဲ့ ထောက်ပံ့ပေးတာဖြစ်ပါတယ်။ ဒီကလေးတွေဟာ မသန်ပေမယ့် စွမ်းပါတယ်ဆိုတဲ့ စိတ်ဓာတ်ရှိတဲ့ ကလေးတွေမို့ ထူးချွန်ထက်မြက်တဲ့ကလေးတွေဖြစ်လာကြမှာပါ။ မသန်ပေမယ့် စွမ်းဆောင်နိုင်ကြတဲ့ မသန်စွမ်းကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့လှူဒါန်းမှုနှင့် ပတ်သက်ပြီး တာဝန်ရှိ သူတစ်ဦးက ယခုလိုပြောကြားသွားပါသည်။

ညွှန်ကြားရေးမှူး ဦးစောဝင်း
လူမှုဝန်ထမ်းဦးစီးဌာန

ကလေးတွေအနေနဲ့ ပညာရေးဝန်ကြီးဌာနရော လူမှုဝန်ထမ်းကရောပစ်မထားဘဲ ဒီနေ့မှာ အခုလိုထောက်ပံ့ပေးတဲ့အတွက် သူတို့ကိုယ်တိုင်သိရှိပြီး ဝမ်းသာပီတိဖြစ်ကြမှာပါ။

အခမ်းအနားတွင် အမြင်နှင့်အကြားအာရုံချို့တဲ့နေသော ကျောင်းသား ကျောင်းသူ ၁၂၈ ဦးအား ကျောပိုးအိတ်၊ ထီးနှင့်စာအုပ်အစရှိသည့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး အမြင်နှင့်အကြားအာရုံချို့တဲ့သော ကျောင်းသားကျောင်းသူများတက်ရောက်နေသည့် အထက(၃)ဒဂုံ၊ အထက(၂)အင်းစိန်၊ အထက(၅)ကြည့်မြင်တိုင်၊ အလက(၃)မရမ်းကုန်း၊ အလက(၄) ကြည့်မြင်တိုင်နှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းများသို့ အလှူငွေများ အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

Oကျောပုံးမှ

ခရီးသွားပြည်သူများ နိစ္စဓူဝသွားလာ ဖြတ်သန်းနေရပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မော်တော်တိုင်းတွင် အသက်ကယ် ပစ္စည်းများ ထားရှိသင့်ကြောင်း၊

သက်ဆိုင်ရာမှ လာရောက်စစ်ဆေးရာ၌ ၎င်းတို့ ကမ်းမကပ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ရေကြောင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာကို သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်နေသော်လည်း ရေကြောင်းအသုံးပြုသည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မောင်းသူများအနေဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် အသက်ကယ်ပစ္စည်းများ ထားသင့်ကြောင်း တင်ပြလိုက်ပါသည်။ **(ဖြိုးမင်းလတ်)**

နိုင်ငံတကာအဆင့်မီ သီးနှံသိုလှောင်ရုံဖွင့်လှစ်

အောင်ပန်း ဇွန် ၃

သီးနှံများ အရည်အသွေးမပျက် ကြာရှည်စွာသိုလှောင်ထားနိုင်မည့် နိုင်ငံတကာအဆင့်မီ အအေးခန်းသိုလှောင်ရုံဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြည်နယ်အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက အအေးခန်းစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စက်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်များက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ Capital Diamond Star Group (CDSG) မှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုကြီးက နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး Pepsi Co., မှ တာဝန်ရှိသူတစ်ဦးက CDSG နှင့် ပူးပေါင်းရခြင်းကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးပညာရှင် ပါမောက္ခ ဦးတင်ညွန့်က အာလူးစိုက်ပျိုးနည်းစနစ်များကို လက်တွေ့သရုပ်ပြပုံများဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက “ကလောမြို့မှာ ယခုလို စက်ရုံကြီးပေါ်ပေါက်လာခြင်းဟာ တောင်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဒီစက်ရုံကြီးကြောင့် အောင်ပန်းသီးနှံဒိုင်တစ်ခုတည်းကို အားကိုးနေစရာ မလိုတော့ဘဲ ပြည်ပအထိ ရောင်းချနိုင်သည့် အခွင့်အလမ်းများ ရှိလာပြီဖြစ်ကြောင်း၊ လိုအပ်သည့် နည်းပညာများကိုလည်း နေရာဒေသအရောက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေပိုမိုလိုအပ်သည်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ သံတဲကျေးရွာနှင့် ကလောမြို့နယ် ဟဲဟိုးဒေသများမှ Atlantic အာလူးမျိုးများ စိုက်ပျိုးသည့် တောင်သူများမှ အကောင်းဆုံးသီးနှံထုတ်လုပ်သူဆုရရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလားလူတို့က ဆုများချီးမြှင့်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က “တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးရာတွင် ယခင်ကထက် ပိုမိုထွက်ရှိအောင် မိရိုးဖလာစနစ်များထက် သိပ္ပံနည်းကျစနစ်များကို အသုံးပြုပြီး အထွက်နှုန်းကောင်းအောင် ပိုမိုကြိုးစားစေလိုကြောင်း၊ လိုအပ်သည်များကိုလည်း အဘက်ဘက်မှ ပြည့်စုံအောင် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း” အားပေးစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ နိုင်ငံတကာအဆင့်မီအအေးခန်း သိုလှောင်ရုံကို Capital Diamond Star Group(CDSG) က ပြည်တွင်းစားသုံးမှုသာမက ပြည်ပရောင်းတမ်းဝင် အရည်အသွေးမြင့် အာလူးများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်အတွက် အာလူးစိုက်ပျိုးသော တောင်သူများအား မျိုး၊ သွင်းအားစု၊ နည်းပညာ၊ ဓာတ်မြေဩဇာများ၊စိုက်ပျိုးရေးစရိတ်များကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးပေးကာ တောင်သူလယ်သမားများဘဝ ဝင်ငွေတိုးတက်ရေးအတွက် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်လိုက်သည့် နိုင်ငံတကာအဆင့်မီ သိုလှောင်ရုံသည် ပေ ၁၀၀ ပတ်လည် အကျယ်ရှိပြီး အာလူးတန်ချိန် ၂၁၀၀ ကို ခြောက်လအထိ အရည်အသွေးမပျက် သိုလှောင်ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

သတင်း-ဇေယျာ(မိုင်ရာ)
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

တာမွေမြို့နယ်တွင် ယာဉ်ငါးစီးဆင့်ကဲတိုက်မိ

ရန်ကုန် ဇွန် ၃

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်း ယနေ့ နံနက်ပိုင်းက ယာဉ်ငါးစီး ဆင့်ကဲတိုက်သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ တာမွေမြို့နယ်အတွင်း ယနေ့နံနက် ၉ နာရီ ၂၀ မိနစ်က လေးထောင့်ကန်လမ်းအတိုင်း တာမွေမြို့နယ်ဘက်မှ သဃ်န်းကျွန်းမြို့နယ်ဘက်သို့ ပဲခူးမြို့နယ်နေ ယာဉ်မောင်း အောင်ကိုဝင်း မောင်းနှင်လာသော ၄ခ/... နစ်ဆန်းဒီဇယ် (၈၈)သန်မြန်သူ ယာဉ်လိုင်း ခရီးသည်တင်ယာဉ်သည် မင်းရဲကျော်စွာ ခုံးတံတားအတက်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ၎င်း၏ရှေ့မှ မောင်းနှင်သော ၃ဂ/.... ဆူဖူးကီးပစ်ကပ်ယာဉ်အား တိုက်မိခဲ့ခြင်းဖြစ်သည်။

ထို့နောက် အဆိုပါ ၃ဂ/... ဆူဖူးကီးပစ်ကပ်ယာဉ်သည် အတိုက်ခံရသည့် အရှိန်ဖြင့် ၎င်း၏ရှေ့မှ မောင်းနှင်သော AA ဆူဖူးကီးဝက်ဂွန်ယာဉ်အားလည်းကောင်း၊ AA ဆူဖူးကီးဝက်ဂွန်ယာဉ်က ၇ဃ/... မတ်တူးဆလွန်းယာဉ်အား လည်းကောင်း၊ ၇ဃ/... မတ်တူးဆလွန်းယာဉ်က BB အေဒီဗင်ယာဉ်အားလည်းကောင်း ဆင့်ကဲဆင့်ကဲတိုက်မိခဲ့သည်။ ယင်းကဲ့သို့ ယာဉ်မဆင်မခြင် မောင်းနှင်သူယာဉ်မောင်း အောင်ကိုဝင်းအား တာမွေမြို့မရဲစခန်းက ယာဉ်(ပ) ၂၇/၂၀၁၄ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း လုပ်ငန်းအဖွဲ့ (၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၃

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း လုပ်ငန်းအဖွဲ့ (၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် အီတာလျံ-ထိုင်းကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ကုန်ကျစရိတ်တွက်ချက်ခြင်းအား ဆောင်ရွက်လျက်ရှိသည့် Ernst & Young (EY) ကုမ္ပဏီမှ ကနဦးအစီရင်ခံစာအား တင်ပြရာ လိုအပ်သည့် ညှိနှိုင်းဆွေးနွေးမှု လမ်းညွှန်မှုပြုလုပ်ခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများအတွက် အတိုင်ပင်ခံအဖွဲ့အဖြစ် ဆောင်ရွက်လျက်ရှိသည့် Roland Berger ကုမ္ပဏီမှ ကနဦးစီမံကိန်းနှင့် ပတ်သက်၍ Project Management Office (PMO) လုပ်ငန်းဆောင်ရွက်ရန် သိရှိလိုသည့် အချက်များအား မေးမြန်းဆွေးနွေးရာ ပြန်လည်ညှိနှိုင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ မြန်မာ-ထိုင်း ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူဆိပ်ကမ်းမှ

ဆိပ်ကမ်းအလုပ်သမားများ၏ဘဝမှာ လုပ်အားခ အပြည့်အဝမရရှိဘဲ ကုန်တင်ကုန်ချလုပ်နေရပြီး လူမှုအခွင့်အရေးများ ဆုံးရှုံးနေကြောင်း သိရသည်။ “လုပ်အားခက အပြည့်အဝမရဘဲ အခွင့်အရေးတွေက ဆုံးရှုံးတာတွေများနေတော့ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့မှစပြီး ရွှေကူ အခြေခံအလုပ်သမားသမဂ္ဂ(ကုန်တင်ကုန်ချ)အဖွဲ့ကို အလုပ်သမားဦးရေ ၃၀၀ကျော်နှင့် ဖွဲ့စည်းထားပြီး ရပိုင်ခွင့် အခွင့်အရေးကို စဉ်ဆက်မပြတ်တောင်းဆိုနေပါတယ်။ ဒါပေမယ့် အခက်အခဲတွေကတော့ အများကြီးပါပဲ”ဟု ပခုက္ကူဆိပ်ကမ်းအလုပ်သမားသမဂ္ဂအဖွဲ့ဝင် တစ်ဦးကပြောသည်။ အလုပ်သမားသမဂ္ဂဖွဲ့စည်းရာတွင် အာဏာပိုင်အဖွဲ့အစည်းများ၏ဖိအားဒဏ်ကို ကြုံကြုံခံရင်ဆိုင်နေရပြီး လုပ်အားခအပြည့်အဝရရှိရေး၊ အလုပ်ရှင်နှင့် တိုက်ရိုက်ပြောဆိုလုပ်ကိုင်နိုင်ရေး၊ ဖြတ်စားလာဘ်စားမရှိရေး၊ အလုပ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးတို့ကို အခြေခံဖွဲ့စည်းထားသည်ဟုလည်း သိရသည်။ “ကျွန်တော်တို့အဖွဲ့ကို သက်ဆိုင်ရာက အသိအမှတ်မပြုပါဘူး။ အခြား မြို့ရွာတွေမှာ ဆန်တစ်အိတ်ထမ်းရင် ၇၅ ကျပ်ကနေ ကျပ် ၁၀၀ အထိ ရပါတယ်။ ကျွန်တော်တို့မြို့ကတော့ ၅၅ ကျပ်ပဲရတာများပါတယ်။ အခုဇွန်လတွင်းမှာ ကုန်းဘောင် (၅)ပြန်အထိ ထမ်းနေရပါတယ်။ တကယ်ဆိုရင် တစ်နေ့ လုပ်အားခ ၈၀၀၀၊ ၉၀၀၀ အထိရပိုင်ခွင့်ရှိပေမယ့် ၃၅၀၀ ကျပ်သာသာပဲ ရရှိနေပါတယ်”ဟု အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ ကိုမျိုးနိုင်ကပြောသည်။ ၂၀၁၄ မေလကုန်ရက်ပိုင်းနှင့် ဇွန်လဆန်းရက်တွင် ဆန်အိတ်၊ ဘိလပ်မြေအိတ်နှစ်သောင်းနီးပါး နေ့စဉ် ဝင်ရောက်လျက်ရှိသည်။ အဓိကလိုအပ်ချက်ကတော့ လူမှုဖူလုံရေးအခွင့်အရေး အပြည့်အဝရရှိရေးနှင့် တိုင်းဒေသကြီးလွှတ်တော်မှ ပြဋ္ဌာန်းထားတဲ့ လုပ်ငန်းဥပဒေအတိုင်း ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့လိုလားလျက် ရှိပါတယ်။ အခုအခြေအနေကတော့ ကျွန်တော်တို့ရဲ့ လူနေမှုဘဝနဲ့ ပခုက္ကူဆိပ်ကမ်း ကုန်တင်ကုန်ချ အခြေခံအလုပ်သမားအဖွဲ့အစည်း လုပ်ပိုင်ခွင့်တွေ ဆုံးရှုံးနစ်နာနေပါတယ်”ဟု ကိုမျိုးနိုင်က ဆက်လက်ပြောကြားသည်။

နေဦးမောင်(ပခုက္ကူ)

MFF မီဒီယာ သင်တန်းဖွင့်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ဖွင့်လှစ်သည့် မီဒီယာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF ရုံးတွင် ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး MNL တာဝန်ခံမစ္စတာဂျေဆင်က အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြဆရာ ဦးစိုးမိုးကျော် (စီမံဒါရိုက်တာ MFF) က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

အဆိုပါ သင်တန်းကို ဇွန် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဘောလုံးအဖွဲ့ချုပ် MNL အသင်းများ၊ ပြင်ပအားကစားကလောင်ရှင်များ တက်ရောက်ကြသည်။

(ဖိုးသော်ဇင်)

အပူဒဏ်ကို ကာကွယ်ရန် မန္တလေးမြို့ခံများ ကျုံးတောင်ဘက်အရိပ်ခိုလှုံနေကြရ

မန္တလေး ဇွန် ၃

မန္တလေးမြို့တွင် မိုးခေါင်ပြီး အပူရှိန်လွန်ကဲမှုများကြောင့် အပူဒဏ်ကို ကာကွယ်ရန် မန္တလေးမြို့ခံများမှာ ကျုံးတောင်ဘက်ရှိ အရိပ်ရသည့် အပင်များအောက်တွင် လာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မိုးရွာခြင်း၊ မိုးအုံ့ခြင်း လုံးဝမရှိ၍ အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်နှင့် ၄၅ ဒီဂရီစင်တီဂရိတ်အကြား ဖြစ်ပေါ်လျက်ရှိရာ သက်ကြီးရွယ်အိုများနှင့် နေအပူရှိန်အောက်တွင် လှုပ်ရှားသွားလာနေကြသူများ ကျန်းမာရေး အထူးဂရုစိုက်၍ သွားလာလုပ်ကိုင်နေကြရသည်။

မြို့သစ် အောင်ပင်လယ်တွင် နေထိုင်သော အသက်(၆၅)နှစ်ရှိ ဦးလှမောင်ကလည်း “အိမ်ထဲမှာထိုင်နေရင်း ချွေးတွေထွက်ပြီး ခေါင်းမူးလာတယ်။ တိုက်တဲ့လေကလည်း လေပူတွေဆိုတော့ ပိုဆိုးတာပေါ့။ ပတ်ဝန်းကျင်မှာလည်း အရိပ်ခိုစရာ

အပင်တွေ မရှိတဲ့အတွက် မနက်ကတည်းက မိသားစုလိုက် ထမင်းထုပ်ပြီး ဒီမှာလာနေတာပါ။ နေဝင်တော့မှ ပြန်မှာပါ” ဟုပြောသည်။

အမရပူရမြို့တွင် နေထိုင်သူတစ်ဦးကလည်း “ကျွန်တော်တို့က ပန်းရန်လာလုပ်တာပါ။ နေက သိပ်ပူလွန်းတော့ မနက်ခင်း တစ်ပိုင်းပဲ လုပ်နိုင်တယ်။ နေ့လယ်ပိုင်း ဆက်မလုပ်နိုင်တော့လို့ ဒီကျုံးဘေး သစ်ပင်ရိပ်အောက်မှာ လာအနားယူနေတာပါ”ဟု ဆိုသည်။

ယခုအခါတွင် အပူချိန် တစ်စတစ်စ မြင့်တက်မှုကြောင့် မန္တလေးဒေသခံများသည် အပူဒဏ်ကာကွယ်သည့်အနေဖြင့် မန်းတောင်ရိပ်သာမက ကျုံးတောင်ဘက်အရိပ်ကိုပါ ခိုလှုံနေရကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

(ယမန်နေ့မှအဆက်)

ရုပ်သိမ်းသင့်သော ဥပဒေများစာရင်း

၃၀-၅-၂၀၁၄

စဉ်	ဥပဒေအမည်	ဝန်ကြီးဌာန/အဖွဲ့အစည်း
၁	The Requisitioning Emergency Provisions Act (38/1947) ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ	ပြည်ထဲရေး
၂	၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေ	ပြည်ထဲရေး
၃	ပင်လယ်ရေကြောင်းသွားလာမှုသဘောတူစာချုပ်များ အက်ဥပဒေ	ပို့ဆောင်ရေး
၄	သင်္ဘောသွားလာမှုအုပ်ချုပ်ရေးအက်ဥပဒေ	ပို့ဆောင်ရေး
၅	The Agricultural Produce Market Act	စီးပွား/ကူးသန်း
၆	ဗိုလ်ချုပ်ရန်ပုံငွေအက်ဥပဒေ (ဥပဒေအမှတ် ၅၇၊ ၁၉၄၈ ခုနှစ်၊ အတွဲ-၉)	ဘဏ္ဍာရေး
၇	The Pension Act	ဘဏ္ဍာရေး
၈	The Government Securities Act	ဘဏ္ဍာရေး
၉	The Money Lenders Act	ဘဏ္ဍာရေး

ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေများစာရင်း

၃၀-၅-၂၀၁၄

စဉ်	ဥပဒေအမည်	ဝန်ကြီးဌာန/အဖွဲ့အစည်း
၁	The Myamar Excise Act(India Act 5,1817, Vol.Vlll ၁၈၇၆ ခုနှစ်)	ပြည်ထဲရေး
၂	The Land and Revenue Act (India Act 2,1876,Vol. Vlll ၁၈၇၆ ခုနှစ်၊ မြေနှင့်အခွန်အက်ဥပဒေ	ပြည်ထဲရေး
၃	The Arms Act (India Act II,1878,Vol.Vll)	ပြည်ထဲရေး
၄	The Lower Myanmar Town and Village Land Act	ပြည်ထဲရေး
၅	ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ(ဥပဒေအမှတ် ၂၄/၁၉၄၉)	ပြည်ထဲရေး
၆	အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့်အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ(ဥပဒေအမှတ် ၅၀/၁၉၅၁)	ပြည်ထဲရေး
၇	၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ	ပြည်ထဲရေး
၈	မြေသိမ်းအက်ဥပဒေ	ပြည်ထဲရေး
၉	လောင်းကစားဥပဒေ(ဥပဒေအမှတ် ၆/၁၉၈၆)	ပြည်ထဲရေး
၁၀	မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၁၉၉၃)	ပြည်ထဲရေး
၁၁	စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေ၊ (ဥပဒေအမှတ် ၂၆/၁၉၈၉)	ကာကွယ်ရေး
၁၂	နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ (ဥပဒေအမှတ် ၁၁/၁၉၉၃)	နယ်စပ်ရေးရာ
၁၃	သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာနှင့်အခကြေးငွေများ) အက်ဥပဒေ	နိုင်ငံခြားရေး
၁၄	ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေ	နိုင်ငံခြားရေး
၁၅	မြေသြဇာဥပဒေ	လယ်/ဆည်
၁၆	မျိုးစေ့ဥပဒေ	လယ်/ဆည်
၁၇	ပိုးသတ်ဆေးဥပဒေ	လယ်/ဆည်
၁၈	တူးမြောင်းအက်ဥပဒေ The Canal Act(Myanmar Act 2,1905,Vol.IV)	လယ်/ဆည်
၁၉	တာတမံအက်ဥပဒေ The Embankment Act(India Act 4,1909,Vol.IV)	လယ်/ဆည်
၂၀	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ	လယ်/ဆည်
၂၁	မြန်မာနိုင်ငံတော်မြေနယ်သတ်လက်စွဲဥပဒေ The Boundries Act(India Act 5,1880,Vol.X)	လယ်/ဆည်
၂၂	တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ(ဥပဒေအမှတ် ၉/၁၉၉၅)	မွေးရေ/ကျေးလက်
၂၃	The Myanmar Registration of ship Act (India Act 10,1841,Vol-Vll)	ပို့ဆောင်ရေး
၂၄	ကုန်လမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ	ပို့ဆောင်ရေး
၂၅	တူးမြောင်းအက်ဥပဒေ	ပို့ဆောင်ရေး
၂၆	မြို့ပြလေကြောင်းလုံခြုံရေးအတွက် အကြမ်းဖက်ကျူးလွန်သူများတားဆီးနှိမ်နင်းရေးအက်ဥပဒေ	ပို့ဆောင်ရေး
၂၇	The Inland Steam Vessels Act (India Act 1,1917,Vol.Vll)	ပို့ဆောင်ရေး
၂၈	The Myanmar Merchant Shipping Act (India Act 21,1923,Vol. Vll)	ပို့ဆောင်ရေး
၂၉	The Myanmar carriage Air Act (India Act 20,1934,Vol.Vll)	ပို့ဆောင်ရေး
၃၀	The Myanmar Lighthouse Act (India Act 2,1937,Vol.Vll)	ပို့ဆောင်ရေး
၃၁	The Airport Authority of Myanmar Act	ပို့ဆောင်ရေး
၃၂	သစ်တောဥပဒေ(ဥပဒေအမှတ် ၁၉၉၂ ခုနှစ်)	ပတ်ဝန်းကျင်/သစ်တော
၃၃	တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄ ခုနှစ်)	ပတ်ဝန်းကျင်/သစ်တော
၃၄	ဘွိုင်လာဥပဒေ	စက်မှု
၃၅	ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ	စက်မှု
၃၆	ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေ(ဥပဒေအမှတ် ၆/၁၉၈၄ ခုနှစ်)	ပညာရေး
၃၇	ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၁)	ပညာရေး
၃၈	The Lunarcy Act(India Act 4,1912,Vol.IV)	ကျန်းမာရေး
၃၉	မြန်မာနိုင်ငံဆေးပညာနှင့် ဆေးပညာနှီးနွှယ်ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များဥပဒေ	ကျန်းမာရေး
၄၀	The Geneva Convention Implementing Act (India Act 14,1936,Vol. IV)	ကျန်းမာရေး
၄၁	မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေအမှတ် ၂၅၊ (၁၉၅၉ ခုနှစ်)	ကျန်းမာရေး
၄၂	၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ(ဥပဒေအမှတ် ၁/၁၉၇၂)	ကျန်းမာရေး
၄၃	သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေ(ဥပဒေအမှတ် ၁၉/၁၉၉၀)	ကျန်းမာရေး
၄၄	ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ (ဥပဒေအမှတ် ၁/၁၉၉၅)	ကျန်းမာရေး
၄၅	မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (ဥပဒေအမှတ် ၁/၂၀၀၀)	ကျန်းမာရေး
၄၆	သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေ(ဥပဒေအမှတ် ၁/၂၀၀၃)	ကျန်းမာရေး
၄၇	ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၂၀၁၄)	ကျန်းမာရေး
၄၈	ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ(ဥပဒေအမှတ် ၅/၂၀၀၆)	ကျန်းမာရေး
၄၉	မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ(ဥပဒေအမှတ် ၁၂/၂၀၁၂)	ကျန်းမာရေး
၅၀	အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဥပဒေ	ယဉ်ကျေးမှု
၅၁	သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းဥပဒေ	ယဉ်ကျေးမှု
၅၂	ငွေစုဘဏ်လုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၅/၁၉၉၂)	ဘဏ္ဍာရေး
၅၃	မြန်မာ့အာမခံဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၉၃)	ဘဏ္ဍာရေး
၅၄	အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေအမှတ် ၆/၁၉၉၆)	ဘဏ္ဍာရေး
၅၅	၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်အက်ဥပဒေ	စီမံ/စီးပွား
၅၆	မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄)	စီမံ/စီးပွား
၅၇	၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေ	စီမံ/စီးပွား
၅၈	အစုစပ်လုပ်ငန်းအက်ဥပဒေ (၁၉၃၂)	စီမံ/စီးပွား
၅၉	နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ (၁၉၈၉)	စီမံ/စီးပွား
၆၀	The Under ground Water Act (India Act 4,1930, Vol. VI)	ဆောက်လုပ်ရေး
၆၁	၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းကောက်ယူခြင်း အက်ဥပဒေ (ဥပဒေအမှတ် ၅၄၊ ၁၉၄၈ ခုနှစ်၊ အတွဲ ၅)	အလုပ်သမား
၆၂	၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားနှင့် သက်သာချောင်ချိရေး)အက်ဥပဒေ	အလုပ်သမား
၆၃	၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ	အလုပ်သမား
၆၄	၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ	အလုပ်သမား
၆၅	ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥပဒေ	ရထား
၆၆	မော်တော်ယာဉ်ဥပဒေ	ရထား
၆၇	ကလေးသူငယ်ဥပဒေ (အမှတ် ၉/၉၃)	လူမှုဝန်ထမ်း

စာမျက်နှာ ၁၁ သို့

GSM မိုဘိုင်းဖုန်း စခန်းနှင့် တာဝါတိုင်များ တည်ဆောက်ပြီးစီး

လားရှိုး ဇွန် ၃ ။ ။ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် GSM မိုဘိုင်းဖုန်းစခန်းနှင့် တာဝါတိုင် ၂၀ ကို AETHER ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ အဆောက်အအုံ တည်ဆောက်မှုနှင့် တာဝါတိုင်တည်ဆောက်မှုလုပ်ငန်းများအား ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးကြောင်းနှင့် ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ချင်းရွှေဟော်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟိုပန်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် နန့်စန်၊ မန်တုံတို့တွင် GSM မိုဘိုင်းဖုန်းစခန်းများအား တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

စာမျက်နှာ ၁၀ မှ

လက်ရှိဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသင့်သော ဥပဒေများစာရင်း

၃၀-၅-၂၀၁၄

စဉ်	ဥပဒေအမည်	ဝန်ကြီးဌာန/အဖွဲ့အစည်း
၁	မီးသတ်တပ်ဖွဲ့ဥပဒေ	ပြည်ထဲရေး
၂	The Myanmar Territorial Force Act (Vol.II)	ကာကွယ်ရေး
၃	မြန်မာ့ရုပ်ရှင်ဥပဒေ	ပြန်ကြားရေး
၄	ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ	မွေးရေ/ကျေးလက်
၅	တိရစ္ဆာန်မွေးမြူရေးနှင့်တိရစ္ဆာန်ကျန်းမာရေးဥပဒေ	မွေးရေ/ကျေးလက်
၆	The Myanmar Post Office Act	ဆသရ
၇	ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ	ဆသရ
၈	ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥပဒေ	လျှပ်စစ်
၉	ရေအားစွမ်းအင်ဥပဒေ	လျှပ်စစ်
၁၀	နိုင်ငံခြားသားဥပဒေ	လဝက
၁၁	မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဥပဒေ	လဝက
၁၂	စက်မှုလုပ်ငန်းဥပဒေ	စက်မှု
၁၃	မြန်မာ့စက်မှုဇုန်ဥပဒေ	စက်မှု
၁၄	၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေ (ဥပဒေအမှတ် ၁၃၊ ၁၉၇၃ ခုနှစ်)	ပညာရေး
၁၅	၁၉၇၃ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၇၃ ခုနှစ်)	ပညာရေး
၁၆	၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေ (ဥပဒေအမှတ် ၁၅/၁၉၇၃ ခုနှစ်)	ပညာရေး
၁၇	၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၆/၁၉၇၃ ခုနှစ်)	ပညာရေး
၁၈	မြန်မာနိုင်ငံစာအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၇၅ ခုနှစ်)	ပညာရေး
၁၉	မြန်မာနိုင်ငံ ဆေးဝါးကောင်စီဥပဒေ	ကျန်းမာရေး
၂၀	မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီဥပဒေ	ကျန်းမာရေး
၂၁	ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ	ယဉ်ကျေးမှု
၂၂	ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ	ယဉ်ကျေးမှု
၂၃	မြန်မာ့ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေ	စီမံ/စီးပွား
၂၄	အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေ	စီမံ/စီးပွား
၂၅	နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ(ဥပဒေအမှတ်၆၃/၁၉၅၁၊ အတွဲ-၄)	ဆောက်လုပ်ရေး
၂၆	၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ	အလုပ်သမား
၂၇	ဆိပ်ကမ်းအလုပ်သမားများအက်ဥပဒေ	အလုပ်သမား
၂၈	၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေးအက်ဥပဒေ	အလုပ်သမား
၂၉	ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေးအက်ဥပဒေ	အလုပ်သမား
၃၀	၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ	အလုပ်သမား
၃၁	ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ(ဥပဒေအမှတ် ၃/၁၉၉၉)	အလုပ်သမား
၃၂	မီးရထားဥပဒေ	ရထားပို့ဆောင်ရေး
၃၃	ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ	ရထားပို့ဆောင်ရေး
၃၄	သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ	လူမှုဝန်ထမ်း
၃၅	သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ	သိပ္ပံနှင့်နည်းပညာ
၃၆	နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးပညာဥပဒေ	သိပ္ပံနှင့်နည်းပညာ
၃၇	Information Technology Law(IT Law)	သိပ္ပံနှင့်နည်းပညာ
၃၈	အဏုမြူစွမ်းအင်ဥပဒေ၊ဓျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ	သိပ္ပံနှင့်နည်းပညာ
၃၉	မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ဥပဒေ	သိပ္ပံနှင့်နည်းပညာ
၄၀	တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း၊ မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့်မူပိုင်ခွင့်ဥပဒေ	သိပ္ပံနှင့်နည်းပညာ
၄၁	မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ	စာရင်းစစ်ချုပ်ရုံး

အသစ်ရေးဆွဲသင့်သော ဥပဒေများစာရင်း

၃၀-၅-၂၀၁၄

စဉ်	ဥပဒေအမည်	ဝန်ကြီးဌာန/အဖွဲ့အစည်း
၁	The Burma Extradition Act	နိုင်ငံခြားရေး
၂	The Copyright Law	ပြန်ကြားရေး
၃	စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ (၁/၁၉၉၄)	ပြန်ကြားရေး
၄	အပင်ဖျက်ပိုးကင်းစင်ရေးဥပဒေ(အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ)	လယ်/ဆည်
၅	ရေခွန်နှင့် တာတမံခွန်ဥပဒေ	လယ်/ဆည်
၆	အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ (New Plant Variety Protection Law)	လယ်/ဆည်
၇	စာချုပ်သက်တမ်းမှတ်ပုံတင်ဥပဒေ The Registration Act(India Act 16,1908,Vol.X)	လယ်/ဆည်
၈	မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥပဒေ	အားကစား
၉	ပုဂ္ဂလိကတိုင်းရင်းဆေးရုံ/ဆေးကုခန်းဥပဒေ	ကျန်းမာရေး
၁၀	အမျိုးသားပြတိုက်ဥပဒေ	ယဉ်ကျေးမှု
၁၁	အမျိုးသားစာကြည့်တိုက်ဥပဒေ	ယဉ်ကျေးမှု
၁၂	National Spatial Development Planning Law (အမျိုးသားနယ်မြေနေရာဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ)	ဆောက်လုပ်ရေး
၁၃	အိမ်ရာဖွံ့ဖြိုးရေးဥပဒေ	ဆောက်လုပ်ရေး
၁၄	အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာစံချိန်စံနှုန်းဥပဒေ	ဆောက်လုပ်ရေး
၁၅	နိုင်ငံခြားသားအလုပ်သမားဆိုင်ရာဥပဒေ	အလုပ်သမား
၁၆	လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ	အလုပ်သမား
၁၇	အမျိုးသမီးများအားအကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေးဥပဒေ	လူမှုဝန်ထမ်း
၁၈	မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ	လူမှုဝန်ထမ်း
၁၉	မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ၁၉၉၀ ပြည့်နှစ်	ဗဟိုဘဏ်

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် ကြေးရုပ်တု မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင်စိုက်ထူမည်

မန္တလေး ဇွန် ၃

မြန်မာဇာတ်သဘင်လောက၏ ကျက်သရေဆောင် မန္တလေးမြို့ဂုဏ်ဆောင် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် ကြေးရုပ်တုကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၇ ရက်တွင် အခမ်းအနားဖြင့် စိုက်ထူမည်ဖြစ်သည်။

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် ကြေးရုပ်ဖြစ်မြောက်ရေးအတွက် အကယ်ဒမီ ညွန့်ဝင်းဦးဆောင်သော သစ္စာမေတ္တာ ရွှေမန်းသဘင်မိသားစုများ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၇၀ကျော်၊ မန္တလေးမြို့မိမြို့ဖများ လှူဒါန်းငွေများဖြင့် ကြေးပိဿာ ၄၅၀ ခန့်ရှိ ကိုယ်တစ်ပိုင်းပုံတူ ကြေးရုပ်တုဖြစ်သည်။

မွေးရပ်မြေတွင် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ကြေးရုပ်တု စိုက်ထူခွင့်ရသဖြင့် သစ္စာမေတ္တာရွှေမန်းသဘင်မိသားစု ကိုယ်စားဝမ်းမြောက်ပါကြောင်း ဦးဆန်းဝင်းနှင့် ဦးချမ်းသာတို့ ဇွန် ၁ ရက်က မန္တလေးမြို့ အိုရီယမ်တယ်ဟောက်တွင် ကျင်းပသည့် ကြေးရုပ်တုစိုက်ထူရေး အကြိုစာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် ကြေးရုပ်တုစိုက်ထူမှုအောင်ပွဲအဖြစ် ဇွန် ၇ ရက် ည ၆ နာရီတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ သစ္စာမေတ္တာရွှေမန်းသဘင်ဇာတ်အဖွဲ့က မန္တလေးမြို့ ပြည်သူများအား အခမဲ့ဖျော် ဖြေတင်ဆက်မည်ဖြစ်ကြောင်းသိရသည်။

သတင်း - သီဟကိုကို(မန္တလေး)
ဓာတ်ပုံ - ကျော်ထူး(မန္တလေး)

နာမည်ကြီး X-Men ဇာတ်ကား ကမ္ဘာ့မြို့ကြီးများနှင့်အပြိုင် ကြည့်ရှုနိုင်

ရန်ကုန် ဇွန် ၃

ယခုတစ်ပတ် ရန်ကုန်မြို့တွင် အသစ်တင်ဆက်သည့် နိုင်ငံခြားရုပ်ရှင် ဇာတ်ကားသစ်မှာ ပရိသတ်များ ရင်းနှီးပြီးသား နာမည်ကျော်ရုပ်ရှင်မင်းသား Hugh Jackman ဦးဆောင် ပါဝင်သရုပ်ဆောင်ထားသော X-men;Days of the Future Past ရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည်။

နိုင်ငံတကာတွင် ထိုဇာတ်ကားကြီးကို ရုံတင်ပြီး ပထမအပတ်အတွင်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော်ရရှိသည့် စံချိန်သစ်ကိုတင်နိုင်ခဲ့သည်။ ယခုမြန်မာနိုင်ငံတွင် ပြသနေဆဲဖြစ်ရာ ဇာတ်ဝင်ခန်းဇာတ်လမ်းများက စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထိုဇာတ်ကားသည် ခရစ်နှစ် ၂၀၂၃ ခုနှစ်တွင် 'စင်တီနယ်'အမည်ရှိ စက်ရုပ်ကြီးများက မွေးရာပါထူးခြားသောအစွမ်းရှိသည့် mutant ခေါ် မျိုးဗီဇပြောင်း လူသားများကို ရှာဖွေသုတ်သင်လျက်ရှိရာ X-men အမည်ရှိ mutant အုပ်စုငယ်တစ်စုသည် အတိတ်ကာလသို့ ပြန်ပို့ပေးနိုင်စွမ်းရှိသူ တစ်တီပရိုက်ဒ်၏အကူအညီဖြင့် 'စင်တီနယ်'စက်ရုပ်များကို ရှောင်ပြေးခဲ့သည်။

X-men အုပ်စုသည် တရုတ်ပြည်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ မဂ္ဂနီတို၊ ပါမောက္ခ အိပ်ဖ်တို့နှင့် တွေ့ဆုံပြီး စင်တီနယ်စက်ရုပ်များတီထွင်သူ 'အိုလီဗာ'အား X-men အုပ်စုမှ ဗစ္စတင်၏ လုပ်ကြံသတ်ဖြတ်မှုခံရ မည်ဆိုပါက ဆိုးရွားသောအနာဂတ်ပေါ်ပေါက်လာမည့် အဖြစ်ဆိုးကို ဟန့်တားသောအားဖြင့် ဝုလ်ဗရင်းကို အတိတ်သို့ပြန်ပို့ပေးရန်စီစဉ်ကြတော့သည်။ ၁၉၇၃ ခုနှစ်သို့ ဝုလ်ဗရင်းပြန်ရောက်သောအခါ X-men အုပ်စုများမှာ သေဆုံးကုန်ပြီဖြစ်သည်။ ခါးအောက်ပိုင်းအကြောသေနေသော ချားလ်မှာလည်း ၎င်းလမ်းပြန်လျှောက်နိုင်မည့်ဆေးကို သုံးစွဲနိုင်ခြင်းကြောင့် ၎င်း၏စိတ်ချင်းဆက်သွယ်နိုင်သည့်အစွမ်းများ ဆုံးရှုံးသွားသည်။ ထို့နောက် ချားနှင့် ဝုလ်ဗရင်းတို့က သမ္မတကနေဒီလုပ်ကြံခံရမှုအတွက် ပင်တဂွန်စစ်ဌာနချုပ် မြေအောက်အကျဉ်းခန်းတွင် ချုပ်နှောင်ခံနေရသူ မဂ္ဂနီတိုအား ကယ်တင်ခဲ့သည်။ ထိုအချိန်တွင် ဗီယက်နမ် နိုင်ငံ ခရိုင်ရုံးရှိ 'ဘိုလီဗာ' စက်မှုလုပ်ငန်းကြီးက သုတေသနလုပ်ငန်းများတွင် Mutant ကို ဖမ်းဆီးကာ Mutantကိုတိုက်ခိုက်မည့် လက်နက်များကို တီထွင်စမ်းသပ်များပြုလုပ်ရာ. . . .။ အဆိုပါဇာတ်ကားကြီးကို 20 Century Fox မှဖြန့်ချိပြီး ဒါရိုက်တာ Bryan Singer ရိုက်ကူးကာ ကမ္ဘာ့နိုင်ငံများရှိ ရုပ်ရှင်ရုံကြီးများနှင့်အပြိုင် မြန်မာနိုင်ငံတွင်လည်း တစ်ပြိုင်တည်း ကြည့်ရှုခံစားနိုင်ပြီဖြစ်ကြောင်း အသိပေးလိုက်သည်။ **(ကိုသက်-ကြေးမုံ)**

2014 Fashion Icon Award ရီဟန်းနားဆွတ်ခူးရရှိ

အမေရိကန်ဖက်ရှင်ဒီဇိုင်နာကောင်စီမှ ပေးအပ်ချီးမြှင့်သည့် 2014 Fashion Icon Award ဆုပေးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ လင်ကွန်းစင်တာ၌ ကျင်းပခဲ့ရာ ဖက်ရှင်ဒီဇိုင်နာ အမြောက်အမြားတက်ရောက်ခဲ့ကြပြီး 2014 Fashion Icon ဆုကို တေးသံရှင် ရီဟန်းနားက ရရှိဆွတ်ခူးခဲ့ကြောင်း သိရသည်။

"ကျွန်မမှာ ဖက်ရှင်နဲ့ပတ်သက်တဲ့ အတွေ့အကြုံသိပ်မရှိပါဘူး။ ဖက်ရှင်ဟာ ကျွန်မဘဝရဲ့မရှိမဖြစ်ပါပဲ။ ဖက်ရှင်နဲ့ပတ်သက်ပြီး အားနည်းချက်တွေကိုလည်း အမြဲတမ်းလိုလို ပြုပြင်နေလေ့ရှိပါတယ်"ဟု 2014 Fashion Icon ဆုရှင် ရီဟန်းနားက ဆိုသည်။

နှစ်စဉ်ကျင်းပလေ့ရှိသည့် အဆိုပါ ဖက်ရှင်ဆုပေးပွဲ အခမ်းအနားကို ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာ ဂျွန်ဝေါလ်တာက အခမ်းအနားမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးပြီး ယခုနှစ်ဆုပေးပွဲတွင် ထူးခြားချက်အနေဖြင့် အကယ်ဒမီဆုရ ကင်ညာမင်းသမီး လူပီတာကလည်း အခမ်းအနားမှူးအဖြစ် ပါဝင်ကူညီဆောင်ရွက်ပေးထားကြောင်းသိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

(၁၃)ကြိမ်မြောက် နယူးယောက်အာရှရုပ်ရှင်ပွဲတော် Overheard 3 ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်မည်

ဇွန် ၂၇ ရက်တွင်ကျင်းပမည့် (၁၃)ကြိမ်မြောက် နယူးယောက် အာရှရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဟောင်ကောင်နှင့်တရုတ်တို့ ပူးတွဲ ထုတ်လုပ်ထားသည့် Overheard 3 သည်းထိတ်ရင်ဖိုမှုခင်းဇာတ်ကားဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

နာမည်ကြီးဟောင်ကောင်မင်းသားများဖြစ်ကြသည့် Sean Lau နှင့် Louis Koo တို့အပြင် ဟောင်ကောင်-အမေရိကန် မင်းသား Daniel Wu လည်း ပါဝင်ထားသည့် ယင်းဇာတ်ကားသည် အဆိုပါရုပ်ရှင်ပွဲတော်စတင်ဖွင့် လှစ်သည့်နေ့တွင်ပင် နိုင်ငံတကာသို့လည်း စတင်မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

BIO/ECO
ဆရာဒွေး
Guide
Ph: 01-375970, 0951 72066, 0950 47518

ချယ်လ်ဆီးနှင့် လမ်းခွဲတော့မည့် လမ်းပတ်



ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် စတမ်းဖို့ဒ်ဘရစ်ချ်တွင် ၁၃ နှစ်ကြာ လက်တွဲခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားလိုက်သည်။ အသက်(၃၅) နှစ်အရွယ်ရှိ အင်္ဂလန်ကြယ်ပွင့်လမ်းပတ်သည် ချယ်လ်ဆီးအသင်းအတွက် ၂၁၁ ဂိုးသွင်းယူထားခဲ့သည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည်။

လမ်းပတ်သည် ဝက်စ်ဟမ်းအသင်းတွင် ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကစားပေးခဲ့ပြီး ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိ ခဲ့သည့် ပထမဘောလုံးရာသီမှာပင် ဆွမ်ဆီးအသင်းသို့ အငှားချထားခြင်းခံခဲ့ရသည်။ လမ်းပတ်သည် ၂၀၀၁ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ပြောင်းရွှေ့လာခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၆၄၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် ပရီမီယာလိဂ် ဖလား သုံးကြိမ်အပါအဝင် ဖလားရရှိမှု ၁၁ ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိတွင် အခြားကလပ်အသင်း ၁၆ သင်း၏ စိတ်ဝင်စားမှု ခံထားရသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာဆုံးဖြတ်မည်ဟုဆိုသည်။ ၂၀၁၃ ခုနှစ် မေလတွင် တစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး နည်းပြမော်ရင်ဟို ပြန်လည်စတင်ကိုင်တွယ်သည့် ယခုနှစ် ဘောလုံးရာသီတွင် ပွဲပေါင်း ၄၀ အထိပါဝင်ကစားပေးနိုင်ခဲ့သည်။ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ယူရို ၂၀၀၄ နှင့် ၂၀၀၆၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲများအပါအဝင် အင်္ဂလန်အသင်းနှင့်အတူ ၁၀၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

(ငွေကြယ်)

ဆန်းဒါးလန်း နည်းပြ ပိုယက် အသင်းနှင့်စာချုပ်သစ်ချုပ်ဆို

အင်္ဂလန်ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ဆန်းဒါးလန်းအသင်းသည် ၎င်းတို့၏ နည်းပြဖြစ်သူ ဂုစ်ပိုယက်ကို ၂၀၁၆ ခုနှစ်ထိ အသင်းတွင်ဆက်ရှိနေစေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပိုယက်သည် ဆန်းဒါးလန်းအသင်းကို ပြီးခဲ့သည့် ဒီဇင်ဘာလမှ စတင်ကိုင်တွယ်ခဲ့ပြီး အသင်းမှာ ၎င်းကိုင်တွယ်ချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အောက်ဆုံးသို့ရောက်ရှိနေခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် ပိုယက်စ်ကိုင်တွယ်ချိန်မှစတင်က ဆန်းဒါးလန်းအသင်းမှာ ရလဒ်ကောင်းများဖြင့် တန်းဆင်းဇုန်မှ တဖြည်းဖြည်းရုန်းထွက်လာခဲ့ပြီး ရာသီကုန်တွင်လည်း အသင်းကြီးများနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် အံ့အားသင့်ဖွယ်ရလဒ်များ ထွက်ပေါ်အောင်ကစားနိုင်ခဲ့ကာ ပရိသတ်အများစု၏ သတိထားစောင့်ကြည့်ခြင်းကိုခံခဲ့ရသည်။ ထို့ပြင် ပိုယက်စ်သည် ဆန်းဒါးလန်းအသင်းအား ကပ်ပီတယ်ဝမ်း (လိဂ်) ဖလားဗိုလ်လုပွဲသို့ရောက်ရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းအား ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယဆုသာရရှိခဲ့သော်လည်း ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာကိုရယူနိုင်ခဲ့သည်။ ထို့ကြောင့် အသင်းတာဝန်ရှိသူများက ပိုယက်အား စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး ယင်းစာချုပ်ကြောင့် ပိုယက်မှာ ၂၀၁၆ ခုနှစ်ထိ အသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်းသိရသည်။

(ကိုရဲ)

ကမ္ဘာ့ဖလားရင်ခုန်သံ - ၄

အုပ်စု (D) သုံးသပ်ချက်

ဥရုဂွေး၊ ကော်စတာရီကာ၊ အင်္ဂလန်၊ အီတလီ

အုပ်စု D သည်တွက်ဆရန် ခက်ခဲသော အုပ်စုဟု ဆိုရမည်။ ကော်စတာရီကာသည် အစစအရာရာ အားနည်းသော အသင်းဖြစ်ပြီး အုပ်စုကို ကျော်ဖြတ်နိုင်ရေး တွက်ဆရန် မလို သော်လည်း ဥရုဂွေး၊ အင်္ဂလန်၊ အီတလီတို့မှာမူ သုံးသင်း အပြိုင်ဖြစ်လာနိုင်သည်။ ထို သုံးသင်းအနက် မည်သည့် နှစ်သင်း အုပ်စုကို ကျော်ဖြတ်နိုင်မည်နည်းဟုဆိုလျှင် ဥရုဂွေးသည် အသေချာ ဆုံးဟုဆိုရမည်။ အထူးသဖြင့် ဥရုဂွေးသည် တိုက်စစ်ပိုင်းထက်မြက်သကဲ့သို့ အသင်းလိုက်ကစားပုံမှာကျော်ကာ တောင်အမေရိကအသင်းတစ်သင်းလည်း ဖြစ်နေသည်။ ကျန်နှစ်သင်းအား လေ့လာကြည့်ပါမူ အင်္ဂလန်သည် ကမ္ဘာ့ဖလားအတွေ့အကြုံနုနယ်သော ကစားသမားများပါဝင်နေသည်က မှန်သော်လည်း အဆိုပါကစားသမားများမှာ ခြေစွမ်းပိုင်းကောင်းမွန်ပြီး ငယ်ရွယ်သောသူများ အများစုပါဝင်နေ၍ ကစားအားကောင်းနိုင်သည်။ အီတလီမှာမူ ထိုသို့မဟုတ်ပေ။

အီတလီသည် လက်ရှိကစားသမားစုဖွဲ့မှုမှာ သာမန်ထက်မပို။ ထို့အပြင် အီတလီသည် ပြိုင်ပွဲကြီးများတွင် အထနှေးတတ်သည်။ ပွဲစဉ်ဇယားအရ အီတလီသည် အင်္ဂလန်နှင့်အဖွင့်ပွဲကစားရမည်ဖြစ်သည်။ အီတလီ၏ အထနှေးတတ်မှုအရ အဆိုပါပွဲတွင် အင်္ဂလန်အားအနိုင်မရခဲ့ပါမူ အုပ်စုတက်ရေး အဆုံးအဖြတ်မှာ အုပ်စုနောက် ဆုံးပွဲစဉ်ဖြစ်သော ဥရုဂွေးနှင့်ပွဲက အခရာကျသွားနိုင်သည်။ ဆိုရလျှင် အီတလီသည် ပွဲစဉ်ဇယားအရလည်း ခက်ခဲနေသည်။ ထို့ကြောင့် အီတလီအနေဖြင့် အင်္ဂလန်ထက် အခွင့်အရေးနည်းပါးသည်ဟု ဆိုရပေမည်။

အုပ်စု D အားသုံးသပ်ကြည့်ပါမူ ဥရုဂွေး၊ အင်္ဂလန်နှင့် အီတလီတို့ ၃ သင်းအပြိုင်ဖြစ်နေသည်က မှန်သော်လည်း အီတလီသည်ဆိုခဲ့ပြီးသည့်အတိုင်း အခက်အခဲအချို့ရှိနေပေရာ အဆိုပါအုပ်စုမှ ဥရုဂွေးနှင့် အင်္ဂလန်သာ နောက်တစ်ဆင့် တက်ရောက်လာနိုင်ပေသည်။

(ရှိုင်းမင်းမင်း)

စပိန်အသင်း လူစာရင်း ထုတ်ပြန်

စပိန်အသင်း၏ နည်းပြဒယ်ဘော့စကေးသည် ၂၀၁၄ ဘရာဇီး ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ် ကစားသမား ၂၃ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းလူစာရင်းတွင် စပိန်လာလီဂါအခြေစိုက် ကစားသမားအများစု ပါဝင်လာခဲ့ကြောင်း သိရသည်။ စပိန်လာလီဂါအခြေစိုက်၊ နာမည်ကြီးကစားသမား ၁၄ ဦးအထိ ပါဝင်ပြီး အင်္ဂလန်ပရီမီယာလိဂ် ကစားသမားများမှာ ခြောက်ဦးဖြင့် ဒုတိယအများဆုံးပါဝင်လာသည်။

"ချန်ပီယံလိဂ်ဗိုလ်လုပွဲအပြီးမှာ လူစာရင်း ရွေးချယ်ရတာဟာ အရမ်းခက်ခဲမှုရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒဏ်ရာရနေတဲ့ ကစားသမားတွေကို အလောင်းအစားဆန်ဆန် စွန့်စားရွေးချယ်မှာ မဟုတ်ပါဘူး"ဟု နည်းပြဒယ်ဘော့စကေးက ထုတ်ဖော်ပြောကြားခဲ့သည်။ ဒယ်ဘော့စကေးရွေးချယ်ခဲ့သည့် အပြီးသတ်ကစားသမား ၂၃ ဦး ဂိုး-ကာဆီးလက်စ် (ရီးယဲလ်)၊ ရေးနား (နာပိုလီ)၊ ဒီဂီယာ(မန်ယူ)၊ နောက်တန်း-ရာမို့စ်(ရီးယဲလ်)၊ ပီကေး၊ အယ်ဘာ (ဘာစီလိုနာ)၊ အက်ပီလီကူတာ(ချယ်လ်ဆီး)၊ ဟွမ်ဖရန်(အက်သလက်တီကို)၊ အယ်သီယို (နာပိုလီ)၊ အလယ်တန်း- ဘက်စ်ကွက်၊ ဇာဗီ၊ အင်နီယေစတာ၊ ဖာဘရီဂတ်စ် (ဘာစီလိုနာ)၊ အလွန်ဆို (ရီးယဲလ်)၊ ကာဇိုလာ(အာဆင်နယ်)၊ ကိုကီ (အက်သလက်တီကို)၊ မာတီနက်ဇ် (ဘိုင်ယန်မြူးနစ်)၊ ရှေ့တန်း- ဒီယေဂိုကော်စတာ၊ ဒေးဗစ်ဗီလာ (အက်သလက်တီကို)၊ ဒေးဗစ်ဆေးလ်ဗား (မန်စီးတီး)၊ ပီအို(ဘာစီလိုနာ)၊ တောရက်စ်(ချယ်လ်ဆီး)၊ မာတာ(မန်ယူ)တို့ပါဝင်ကြောင်း သိရသည်။

(ဝင်းထွဋ်ဦး)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအတွက်
ရုံးလုပ်ငန်းသုံးနှင့်ပတ်သက်သည့် စက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	ရေတွက်ပုံ	ဦးရေ
၁။	Mdl;BKP 1.551(V-Mount Battery Adapter)	No	1
၂။	Mdl;LMD-A 170(17"LCD Production Monitor)	No	1
၃။	Mdl;SBP-128(128 GP SXS Pro Memory Card)	No	1
၄။	Mdl;AXS-CR 1(USB 3 Card Reader)	No	1
၅။	Mdl;AXSM-512 S24(Sony AXS Memory for RAW Recording	No	1
၆။	Mdl;AXSM-R5(Sony Raw Recorder)	No	1
၇။	Mdl;VCD-FSA5(Shoulder Adaptor)	No	1

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၆-၂၀၁၄ ရက်မှ ၂-၇-၂၀၁၄ ရက်ထိ နေ့စဉ် ရုံးဖွင့်ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၇-၂၀၁၄ ရက် (၁၂)နာရီမှ (၁၃)နာရီအတွင်း အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ တင်ဒါပေးသွင်းသည့်အချိန်တွင် တစ်ခါတည်း ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၃၁၂၂၀၉၂၊ ၀၁-၅၁၃၉၈၂နှင့် ၀၁-၅၃၉၈၅၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။





ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား လူကုန်ကူးမှုအသိပညာပေးဟောပြောပြီး နေရပ်သို့ပြန်လည်စေလွှတ်

တောင်ကြီး ဇွန် ၃

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ပင်လုံလမ်း မိုးကုတ်မန်းကားဂိတ်၌ ဇွန် ၂ ရက် နံနက် ၈ နာရီတွင် အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(တောင်ကြီး)က ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား တွေ့ရှိရသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုရုံးသို့ခေါ် ယူစစ်ဆေး၍ လူကုန်ကူးမှုအသိပညာပေးဟောပြောပြီး နေရပ်သို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် (၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(တောင်ကြီး) မှ ရဲအုပ် မျိုးကိုကို ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် လူကုန်ကူးမှုသတင်းစုံစမ်းနေစဉ် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ပင်လုံလမ်း မိုးကုတ်မန်းကားဂိတ်မှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ရန် စီစဉ်ဆောင်ရွက်နေသော နန့်ဆိုင်နွမ်း (၁၀)နှစ် ဆည်လဲရွာ နားဟီးအုပ်စု ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ နန့်နောင့်တုံ (၂၇) နှစ် ဆိုင်လဲရွာ ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ နန့်ခေါင်(၁၉) နှစ်နှင့် နန့်ရွှေကြည် (၁၈) နှစ် ဆည်လဲရွာ အသုံးတော်အုပ်စု တောင်ကြီးမြို့နယ်၊ ခွန်ထွန်းရီ(၂၈) နှစ် နားဟီးအနောက်ရွာ နားဟီးအုပ်စု ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ စိုင်းလုံ(၁၄) နှစ် ဖက်ကွန်ရွာ နားဟီးအုပ်စု ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ ခွန်အေးမောင် (၁၉) နှစ် နမ့်(၄) မြတ်လေးလမ်း ကံကြီးရပ် တောင်ကြီးမြို့၊ နန့်လျှံ (၂၀) နှစ် ဖက်ကွန်ရွာ ကျောက်တလုံးကြီးမြို့နယ်ခွဲနေသူတို့ရှစ်ဦးတို့အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုရုံး (တောင်ကြီး) သို့ ခေါ်ဆောင်၍ စစ်ဆေးမေးမြန်းရာ ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းများမရှိ မိမိသဘောအလျောက် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် တားဆီးခဲ့ပြီး အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်ဝင်းက တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ပါက လူမှောင်ခိုမှုတစ်ဆင့် လူကုန်ကူးမှုဖြစ်ပွားတတ်ပုံ၊ လူကုန်ကူးခံရပါက ရရှိနိုင်သည့် ဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မိုးကုတ်မန်းမှုန်လုံအမြန်ယာဉ်ဖြင့် နေရပ်သို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

မီးအားမြှင့်စက်အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်း ဇွန် ၃

စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ထူပါရုံလမ်းထိပ်ရှိ ဦးကျော်မြင့်ပိုင် ပန်းကြာမုံစားသောက်ဆိုင်၌ ဇွန် ၃ ရက် နံနက် ၃ နာရီ ၁၅မိနစ်က ဆိုင်တွင်အသုံးပြုလျက်ရှိသည့် ရေခဲသေတ္တာနှင့် ရေအေးပေးစက် အသုံးပြုသော လျှပ်စစ်မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရာ စားသောက်ဆိုင် တစ်ဆိုင်လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းနှင့် မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့နှင့် ရပ်ကွက်ပြည်သူများနှင့်အတူ အချိန်မီငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားအိမ်များသို့ ကူးစက်ခြင်းမရှိဘဲ နံနက် ၄ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုတွင် ခုနစ်ပင် လေးပင်သွပ်မိုး ထရံကာ၊ သမံတလင်းခင်းမြေစိုက် ပန်းကြာမုံ လက်ဖက်ရည်နှင့်စားသောက်ဆိုင် မီးလောင်သွားကြောင်း၊ မီးလောင်ရာသို့ စစ်ကိုင်းမြို့မ ရဲစခန်းမှ တာဝန်မှူး ရဲအုပ်ခင်မောင်တင်နှင့် အဖွဲ့ လာရောက်စစ်ဆေးကြည့်ရှုပြီး စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်နေ ဆိုင်ပိုင်ရှင် ဦးကျော်မြင့်အား (ပ)၅၂၂/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဘုရားကြီးမြို့အနီး ငါးတင်ယာဉ်မှောက် လေးဦးသေ၊ ငါးဦးဒဏ်ရာရ

ပဲခူး ဇွန် ၃

ပဲခူးမြို့နယ် ဘုရားကြီးမြို့မှ ငါးမိုင်ခန့်အကွာ ဘုရားကြီးနှင့် ဘောနက်ကြီးကို ဆက်သွယ်ထားသော အမြန်လမ်း မိုင်တိုင်အမှတ်(၅/၁)နှင့်(၅/၂)အကြားတွင် ယာဉ်မောင်း ကိုမောင်ဦး (၄၈)နှစ် ပဒူကွဲဆည်နေသူ မောင်းနှင်သော UD အမျိုးအစား ခြောက်ဘီး အဖြူရောင် ၅၈/--- ယာဉ်သည် ဇွန် ၂ ရက်က ပဒူကွဲဆည်မှ ငါးများတင်ဆောင်ပြီး မောင်းနှင်လာရာ အဆိုပါနေရာအရောက် အရှိန်လွန် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ပဒူကွဲဆည်တွင် နေကြသူ ကိုစိုးလွင် အသက်(၃၅)နှစ်၊ ကိုအောင်ဖြိုး (၂၇)နှစ်၊ မရွှေရည်ဝင်း (၅) နှစ်၊ မောင်လွှမ်းထက်ပိုင် (၃)နှစ်တို့မှာ ကားပိ၍ နေရာတွင်ပင် သေဆုံးခဲ့ကြပြီး ကိုဇေ (၁၀)နှစ်၊ ကိုအောင်ဝင်း (၃၅)နှစ်၊ ကိုခင်ဇော် (၃၃)နှစ်၊ မောင်အောင်မျိုးဦး (၁၀)နှစ်၊ ဒေါ်သန်း (၄၈)နှစ် တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြသဖြင့် နယ်မြေတပ်မှ တပ်မတော်သားများနှင့် ဘုရားကြီးမြို့ နယ်မြေရဲစခန်းမှ ရဲအုပ်ဇော်ဟိန်းယုံ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ကိုကိုထွေးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒဏ်ရာရရှိသူများအား ကယ်ဆယ်နိုင်ခဲ့ပြီး ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးယာဉ်ဖြင့် ပဲခူးမြို့ ဆေးရုံကြီးသို့ အချိန်မီတင်ပို့ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ထိန်းရဲအုပ် ကိုကိုထွေးက ယာဉ်မမောင်းမမြင်မောင်းနှင်သူ ကိုမောင်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟရာဇာ(ဘုရားကြီး)

သဲကုန်းမြို့နယ်၌ မိုးကြိုးထိမှန်၍ လူနှစ်ဦးသေဆုံး

သဲကုန်း ဇွန် ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ရဲရဲကန်အုပ်စု ရဲရဲကန်ကျေးရွာ တောင်းချောင်းကွက်သစ်တွင် ဇွန် ၂ ရက်ညနေ ၅နာရီခွဲက ဦးအေးကြီး (၇၄)နှစ်သည် ၎င်း၏ နေအိမ်နောက်ဖေးတံစက်မြိတ်အောက်၌ ရှိနေစဉ် မိုးကြိုးပစ်ခံရ၍ မျက်နှာညိုမည်း ဒဏ်ရာရရှိပြီးယင်းနေရာတွင် သေဆုံးခဲ့ကြောင်းသိရသည်။

အလားတူ ဇွန် ၂ရက် ညနေ ၅ နာရီ ၅၀ မိနစ်က သဲကုန်းမြို့နယ် နွယ်ကောက်အုပ်စု တဲကြီးကုန်းကျေးရွာနေ ကိုအောင်ဇော်မင်း (၁၈)နှစ်သည် ကွင်းကျောင်းနေစဉ် မိုးကြိုးပစ်ခံရ၍ ကျောဘက်ပွန်းပဲ့ဒဏ်ရာ တစ်ချက်၊ တင်ပါးဆုံအလယ်ပွန်းပဲ့ဒဏ်ရာတစ်ချက်ရရှိပြီး ယင်းနေရာတွင် သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားသည့် နေရာသို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် သဲကုန်းရဲတပ်ဖွဲ့ စခန်းမှူး ခေါင်းဆောင်သောအဖွဲ့တို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီး သဲကုန်းရဲစခန်းမှ သေမှုသေခင်း အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)မှ ၂၀၀၇- ၂၀၀၈ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုလျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

၂။ ဝယ်ယူလိုသည့်လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ စံချိန်စံညွှန်း အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ အထူး စီမံကိန်းကြီးအဖွဲ့ခွဲ (၄)၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၉၃၆၂ တွင် ၅-၆-၂၀၀၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်မည့်အချိန်	- ၁၆-၆-၂၀၀၇ရက်၊ ၁၆း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	- ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ ရှေရပ်ကွက်၊ မြစ်ကြီးနားမြို့
တင်ဒါဖွင့်မည့်အချိန်	- ၁၅-၆-၂၀၀၇ရက် ၁၃း၀၀နာရီ

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

စာအုပ်စာပေလှူ့မိတ်ဆွေ

ဟားရန်ရှိသည်
ဟံသာဝတီမှန်၊ ဆင်မလိုက်ဈေးနောက်
ပေ (၂၅×၅၀)
ဖုန်း-၀၉-၇၃၀၈၆၆၇၇၊
၀၉-၅၀၀၇၇၈၇



စံချိန်မမီသည့်ကွန်ကရစ်ဓာတ်တိုင်များရောင်းချသော ကုမ္ပဏီများကို နာမည်ပျက်စာရင်းသွင်းမည်ဖြစ်

မန္တလေး၊ ဇွန် ၃

မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားသွယ်တန်းသည့် ကွန်ကရစ်ဓာတ်တိုင်တချို့မှာ အရည်အသွေးကောင်းမွန်ခြင်း မရှိသည်ကို တွေ့ရှိရ၍ ၎င်းတို့အားစစ်ဆေးသွားမည့်အပြင် ရောင်းချသည့်ကုမ္ပဏီအား နာမည်ပျက်စာရင်းသွင်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်အရ ကွန်ကရစ်တိုင်များကို မည်သည့်ကုမ္ပဏီက ဝယ်ယူရမည်ဆိုသည့်သတ်မှတ်ချက် ထားရှိခြင်းမရှိဘဲ တိုင်း/ခရိုင် လျှပ်စစ်ဌာနများက စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကွန်ကရစ်ဓာတ်တိုင်တွေလဲသွားတာတွေ့လို့ ကြည့်လိုက်တော့ အထဲမှာ သံချည်သံကွေးမပါဘူး။ ဒါဆိုဘယ်လိုခိုင်ခံ့မှာလဲ။ အရည်အသွေးကောင်း-မကောင်း စစ်ဆေးဖို့ဆိုတာ အပြင်ကကြည့်လို့မသိနိုင်ဘူး။ စက်နဲ့စစ်မှရမယ်။ ထုတ်လုပ်တဲ့ကုမ္ပဏီကတော့ သိမှာပါ။ ဈေးသက်သာအောင်ရောင်းကြရင်း အရည်အသွေးကျဆင်းလာတယ်။ ဒါမျိုးဖြစ်လာရင် ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကို နာမည်ပျက်စာရင်းသွင်းမယ်"ဟု လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။

ကွန်ကရစ်တိုင်များ၏ ခံနိုင်ရည်အား တိုင်းတာသည့်စက်မှာ ရန်ကုန်မြို့တွင်သာရှိ၍ စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ပေးနေခြင်းဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း အသုံးပြုမည့် ကွန်ကရစ်တိုင်များကို ရန်ကုန်မြို့တွင် စစ်ဆေးနိုင်ကြောင်း သိရသည်။

"မန္တလေးမှာ မေ ၁၀ ရက် ညနေပိုင်းက မိုးသည်းပြီး လေပြင်းတိုက်သွားတော့ မြောက်ပြင် ၁၂ လမ်းနဲ့ ကမ်းနားလမ်းမှာ ကွန်ကရစ်ဓာတ်တိုင်နှစ်ခုကျိုးသွားတယ်။ ညပိုင်းကတည်းက စောင်းနေပြီး မနက်ကျတော့ ဝုန်းကနဲလဲသွားတယ်။ ထိခိုက်တာတွေရှိတယ်" ဟု မြို့ခံတစ်ဦးကပြောသည်။

ထို့အတွက် စံချိန်မီအရည်အသွေးကို အဓိကထား ဝယ်ယူအသုံးပြုသွားကြရန် လမ်းညွှန်ထားကြောင်း၊ အရည်အသွေးမပြည့်သော ပစ္စည်းများ တပ်ဆင်အသုံးပြုပါက စစ်ဆေးရေးအဖွဲ့များနှင့် ပူးပေါင်းအရေးယူမှုများ လုပ်ဆောင်သွားမည်ဟု သိရသည်။

"ကျေးရွာမီးလင်းရေးကော်မတီတွေက သူတို့ငွေအားနဲ့လုပ်တဲ့အခါ ဈေးနှုန်းသက်သာတဲ့ ကွန်ကရစ်တိုင်တွေ ဝယ်ကြတော့ စံချိန်မမီတာတွေဖြစ်လာတာပါ။ ဒါမျိုးတွေဖြစ်လာရင် ထုတ်လုပ်ရောင်းချတဲ့ကုမ္ပဏီမှာ တာဝန်ရှိတယ်။ လျှပ်စစ်အင်ဂျင်နီယာတွေသုံးတဲ့ ဓာတ်ကြိုးနဲ့ ပစ္စည်းတွေအပြင် ကွန်ကရစ်တိုင်တွေကိုလည်း စစ်ဆေးတာ လုပ်သွားမယ်" ဟု လျှပ်စစ်ဝန်ကြီးက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သစ်သားဓာတ်တိုင်များအစား နိုင်ငံတကာစံချိန်မီ ကွန်ကရစ်ဓာတ်တိုင်များဖြင့် လဲလှယ်စိုက်ထူ အသုံးပြုသွားမည်ဖြစ်ပြီး၊ လာမည့်ဘတ်ဂျက်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရန် ထရန်စဖော်မာများ တပ်ဆင်နိုင်ရေးအတွက် ရန်ပုံငွေတောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ကရင်စာပေသင်တန်းဆင်း

ဘီးလင်း၊ ဇွန် ၃

ဘီးလင်းမြို့နယ်၌ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၃၁ ရက် ညနေ ၃ နာရီက ဘီးလင်းမြို့ စစ်ကိုင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်ကျော်သိန်းတို့က သင်းတန်းဆင်းအမှာစကားပြောကြားပြီး ကရင်စာပေနှင့်ယဉ်ကျေးမှုသင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထူးနောင်(ပြန်/ဆက်)

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍တစ်ဦးသေ

နေပြည်တော်၊ ဇွန် ၃

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ လေသာလမ်းပေါက်အနီး မေ ၃၀ ရက် နံနက် ၈ နာရီ ၂၀ မိနစ်တွင် အမှတ်(၁)ရပ်ကွက်ဘက်မှ အမှတ်(၄) ရပ်ကွက်ဘက်သို့ အမှတ်(၁)ရပ်ကွက်နေ မမြမြမိုး ၃၀ နှစ်မောင်းနှင်လာသော DONHON-110 အနက်ရောင်ဆိုင်ကယ်နှင့် အမှတ်(၄)ရပ်ကွက်ဘက်မှ အမှတ်(၁)ရပ်ကွက်ဘက်သို့ မင်းတုန်းမြို့နယ်၊ ကိုင်းငယ်ကျေးရွာနေ မဥမ္မာအေး ၃၅ နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်သီတာခိုင် ၄၄ နှစ် လိုက်ပါလာသည့် စူပါကပ်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် ဒေါ်သီတာခိုင်မှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ ဦးခေါင်းနောက်စေ့ဖူးရောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် မင်းတုန်းဆေးရုံသို့တင်ပို့ကုသခဲ့ပြီး ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မမြမြမိုးနှင့် မဥမ္မာအေးတို့ နှစ်ဦးအား မင်းတုန်းမြို့မရဲစခန်းက ယာဉ်(ပ)၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားစဉ် ဒေါ်သီတာခိုင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် ပြစ်မှုပုဒ်မ ၃၃၈ မှ ၃၀၄-က သို့ ပြောင်းလဲစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

မေ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တော်ဝင်ဂါဒင်းဟော်တယ်ဒဂုံမြို့နယ် ငါးထပ်ကြီးခန်းမတွင် မေတ္တာမင်္ဂလာအဖွဲ့ အကယ်ဒမီခန့်စည်သူနှင့် ရုပ်ရှင်နှင့်ဗွီဒီယိုအနုပညာရှင်များက ငွေကျပ် သိန်း ၅၀ ကို အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (ဗဟို)ဦးစီးကျင်းပသော ဖိတ်ခေါ်စာမူပြိုင်ပွဲဆုကြေးငွေများအတွက် လှူဒါန်းပွဲကျင်းပကြသည်။ (ကျော်မြင့်သန်း)

ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများလက်ဝယ်တွေ့ရှိ၍ အမှုဖွင့်အရေးယူ

နေပြည်တော်၊ ဇွန် ၃

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မေ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ စလင်းမြို့၊ ရွှေမုဋ္ဌောဘုရားရှေ့၊ ကားလမ်းမပေါ်ရှိ စလင်းမြို့နယ်၊ မြေနီကုန်းကျေးရွာနေ လှမြတ်တိုး မောင်းနှင်လာသည့် ဟွန်ဘို-110 ဆိုင်ကယ်အား ရပ်တန့်ရှာဖွေခဲ့သည်။ထိုသို့ရှာဖွေရာ ၎င်း၏ခေါက်ပိုက်ဆံအိတ်အတွင်းမှ နှစ်လုံးထီနှင့် ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၅၂၉၅၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းအား စလင်းမြို့မရဲစခန်းက (ပ)၄၆/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဒေါ်သီတာဦး

LCCI I,II&III

Accounting Excel

17-6-2014

ရောင်းမည်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါး

ကာဗွန်ပြဿနာနှင့် ယနေ့ကမ္ဘာမြေ

à opfifpf(Env Eng)

ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ အချိန်တိုင်းတာတစ်ခုထိ ပြောင်းလဲလာသော ရာသီဥတုအခြေအနေကို ကြည့်ရှုတိုင်းတာသုံးသပ်ခြင်းဖြစ်သည်။ ထို့သို့ ဟန်ချက်မညီသော ပြောင်းလဲခြင်းများသည် လူသားတို့ပြုလုပ်လိုက်သည့် ဖန်လုံအိမ်မှ ထုတ်လွှတ်လိုက်သည့် ဓာတ်ငွေ့များ၏ အကျိုးဆက်ပင်ဖြစ်သည်။ ထို့ကြောင့် ထုတ်လွှတ်သည့်ရင်းမြစ် (Sources) နှင့် မည်သို့မည်ပုံ သဘာဝအလျောက် ပျောက်ကွယ်သွားပုံ (Sinks) တို့၏ စုစုပေါင်းထုတ်လွှတ်ခြင်း၊ ပျောက်ကွယ်ခြင်းများကို တိတိကျကျ တွက်ချက်ကာ နားလည်သိရှိမှုသည် အလွန်အရေးပါသည်။ ထပ်လောင်း၍ပြောရပါမူ တိကျသည့် ပြည်တွင်းထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့ အခြေအနေကို တွက်ချက်ခြင်းသည် ၎င်းနှင့်ပတ်သက်သည့် မူဝါဒများချမှတ်ရာတွင် မရှိမဖြစ် လိုအပ်ပေသည်။ အမျိုးသားဖန်လုံအိမ်မှထုတ်လွှတ်သည့် ဓာတ်ငွေ့အသားတင်ပမာဏကို စွမ်းအင်ထုတ်လုပ်အသုံးချမှု ကိုယ်ထည်ဖြစ်သည့် စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ခွဲခြမ်းစိတ်ဖြာတွက်ချက်ကာ ကြေညာချက်ထုတ်ပေးရသည်။ ၎င်းအချက်သည် အမျိုးသားဖန်လုံအိမ်မှ ထုတ်လွှတ်သည့် ဓာတ်ငွေ့အသားတင်ပမာဏကို တွက်ချက်ရာတွင် အဟန့်အတားဖြစ်စေသည်။

အမျိုးသားဖန်လုံအိမ်မှထုတ်လွှတ်သည့် ဓာတ်ငွေ့အသားတင်ပမာဏကို တွက်ချက်နိုင်ရန်အတွက် မူဝါဒနှင့် နည်းစနစ်များ လိုအပ်သလို စဉ်ဆက်မပြတ် သုတေသနလုပ်ဆောင်ခြင်းနှင့်ထိမိကာ တိကျမှန်ကန်သော သတင်းအချက်အလက်နှင့် စီမံဆောင်ရွက်မှုများကိုလည်း ပြုလုပ်သင့်ပါသည်။

အမျိုးသားဖန်လုံအိမ်မှ ထုတ်လွှတ်သည့် ဓာတ်ငွေ့အသားတင်ပမာဏ တွက်ချက်ရေးပြင်ဆင်မှုတွင် ကနဦးအနေဖြင့် တိုင်းတာခြင်း၊ သတင်းအချက်အလက်ပေးခြင်းနှင့် သက်သေခိုင်မာမှန်ကန်မှုရှိခြင်းတို့ကို လမ်းညွှန်မှုပေးကာ သက်ဆိုင်ရာဌာနအသီးသီးအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည်။ ၎င်းတိုင်းတာခြင်း၊ သတင်းအချက်အလက်ပေးခြင်းနှင့် သက်သေခိုင်မာမှန်ကန်မှုရှိခြင်းတို့ကို လမ်းညွှန်မှုပေးရန်အတွက် များစွာတာဝန်ရှိသလို ၎င်းအရာများကို စီမံခန့်ခွဲရေးကော်မတီတွင် ပိုမိုကောင်းမွန်လာစေရန် လိုအပ်သည်များ ဖြည့်စွက်ကာ အသိမှတ်ပြုဆောင်ရွက်ရမည်။

သက်သေခိုင်မာမှန်ကန်မှုရှိခြင်းအပိုင်းကို သုံးသပ်ရာတွင် ပထမအဆင့်အနေဖြင့် ပြည်တွင်းပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးကာ၊ ဒုတိယအကြိမ် သုံးသပ်ရာတွင် ပြည်ပပညာရှင်များ (စီမံကိန်းတွင်မပါဝင်သောပညာရှင်များ) နှင့် တိုင်ပင်သုံးသပ်ရမည်။

ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် တိုက်ရိုက်အကျိုးသက်ရောက်စေသည့် တိုက်ရိုက်ထုတ်လွှတ်ဓာတ်ငွေ့များတွင် CO_2၊ CH_4၊ N_2O၊ HFCs၊ PFCs နှင့် SF_6 တို့ပါဝင်သည်။ ထို့အတူ ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်စေသည့် သွယ်ဝိုက်အကျိုးသက်ရောက်စေသည့် သွယ်ဝိုက်ဓာတ်ငွေ့များဖြစ်သည့် NOX၊ CO၊ Non Methane Volatile Organic Compounds (NMVOC) နှင့် SO_2 တို့ဖြစ်သည်။ ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသည့် သွယ်ဝိုက်သောနည်းဖြင့် အကျိုးသက်ရောက်စေသည့် သွယ်ဝိုက်ဓာတ်ငွေ့ဆိုသည်မှာ တခြားဓာတ်ပစ္စည်းများနှင့် ဓာတ်ပြုကာ တိုက်ရိုက်ထုတ်လွှတ်သည့် ဓာတ်ငွေ့အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။

> **မိမိတို့နိုင်ငံမှ အစပြုကာ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပူးပေါင်းကာကွယ်ရန်၊ ဆော်သြကြရန်ဖြစ်ကာ လက်တွဲပူးပေါင်းဖျက်စီးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ ကမ္ဘာကြီး. . .**

ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့များ၏ နောက်ခံသမိုင်း စက်မှုတော်လှန်ရေး စတင်ပြီးသည့်နောက်မှစတင်ကာ ဖန်လုံအိမ်မှထုတ်လွှတ်သည့် ဓာတ်ငွေ့ပမာဏသည် တစ်ရှိန်ထိုးမြင့်တက်လာကာ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ မှစတင်ကာ အပူချိန်သည် သိသိသာသာ မြင့်တက်လာခဲ့သည်။ ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်အနေဖြင့် ရေအရင်းမြစ်ရှားပါးလာခြင်း၊ ဂေဟစနစ်ယိုယွင်းပျက်စီးလာခြင်း၊ အစာရေစာရှားပါးလာခြင်းနှင့် ကျန်းမာရေးကို ထိခိုက်စေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့အတူ ပျက်စီးလာသော ပတ်ဝန်းကျင်ကြောင့် ပြောင်းလဲလာသော ရာသီဥတုကို ထိန်းသိမ်းရန်အတွက် နိုင်ငံသားတို့၏ ဝင်ငွေရရှိမှု ၂၀ ရာခိုင်နှုန်း လျော့နည်းစေနိုင်ပါသည်။

ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့များ လျှော့ချရေး လုပ်ဆောင်ခြင်းကြောင့် စီးပွားရေးနယ်ပယ်တွင်လည်း ဂယက်အနည်းငယ် ဖြစ်ပေါ်စေပါသည်။ ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့များလျှော့ချနိုင်ရေးအတွက် ၂၀၂၀ ခုနှစ်အထိ ပစ်မှတ်ထားရည်ရွယ်ကာ အင်္ဂလန်နိုင်ငံအနေဖြင့် နိုင်ငံသားများတစ်ဦးစီဝင်ငွေမှ ၀. ၈၂ ရာခိုင်နှုန်းထိ အသုံးပြုမည်ဖြစ်ကာ၊ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံသားများတစ်ဦးစီဝင်ငွေမှ ၀. ၉ ရာခိုင်နှုန်းထိ ရည်ရွယ်ကာ၊ ကိုရီးယားနိုင်ငံအနေဖြင့် ၀. ၅ ရာခိုင်နှုန်းထိ အသုံးချသွားမည်ဖြစ်သည်။ ၎င်းနိုင်ငံသားများ တစ်ဦးစီဝင်ငွေမှ ဝင်ငွေလျှော့ချခြင်း ကောင်းကျိုးအနေဖြင့် ၂၀၂၀ ခုနှစ်မတိုင်ခင် အဆင့်မြင့်နည်းပညာများ တီထွင်ပြီးကာ အစိမ်းရောင်စျေးကွက် (ပတ်ဝန်းကျင်နှင့် လူသားတစ်သတ်မတ်တည်း ဖြစ်စေမည့်နည်းပညာ)သည် နေရာယူလာပါလိမ့်မည်။ အထူးသဖြင့် စက်ရုံအလုပ်ရုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အအုံ၊ လယ်ယာ၊ မွေးမြူရေးနှင့် စွန့်ပစ်ပစ္စည်း အညစ်အကြေးတို့ကို လျှော့ချရန်အတွက် နည်းပညာရင်းနှီးမှုကို ကနဦးအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ ကာဗွန်လျှော့ချရေးကို ဆောင်ရွက်ကြမည်။

နိုင်ငံ၏ စဉ်ဆက်မပြတ် တိုးတက်ရေးစွမ်းဆောင်ရည် လုပ်ငန်းစဉ်

နိုင်ငံတော်ကော်မရှင်၏ စဉ်ဆက်မပြတ် တိုးတက်ရေး လုပ်ငန်းစဉ်တွင် အမိုကကော်မတီနှင့် ပညာရှင်အဖွဲ့များ ပါဝင်သော ကော်မတီအဖွဲ့ခွဲ လေးခုပါဝင်ရမည်။ အမိုကကော်မတီတွင် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင် ၅၀ ပါဝင်ကာ အစီအစဉ်ရေးဆွဲပြီး ထိထိမိမိ နိုင်ငံ၏စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် စွမ်းဆောင်လုပ်ဆောင်နိုင်ရန် တရားဝင် တိုင်ပင်ဆွေးနွေးနိုင်မည့်အဖွဲ့ဖြစ်သည်။ ပညာရှင်အဖွဲ့များပါဝင်သော ကော်မတီအဖွဲ့ခွဲ လေးခုတွင် အဖွဲ့ဝင် ၂၀ မှ ၈၀ အထိပါဝင်ကာ လုပ်ဆောင်ချက်တိုင်းကို အမိုကကော်မတီဥက္ကဋ္ဌထံမှ အဆိုပြုရမည်။ ၎င်းတို့သည် အသစ်သစ်သော နည်းပညာရှာဖွေခြင်း၊ ပြဿနာ၏ ရင်းမြစ်နှင့် ဖြေရှင်းခြင်းများဆောင်ရွက်ရန် လိုအပ်သလို အမိုကကော်မတီ၏ လုပ်ဆောင်ချက်များအား ပြန်လည်သုံးသပ်ရမည်။

နိုင်ငံ၏ စဉ်ဆက်မပြတ် တိုးတက်ရေးစွမ်းဆောင်ခြင်းတွင် ပြင်ဆင်ပြီးခဲ့သည့် စီမံကိန်းကို ၅ နှစ်တစ်ကြိမ်ပြန်လည်သုံးသပ်ရန်၊ ၂ နှစ်သက်တမ်းရှိ စဉ်ဆက်မပြတ် တိုးတက်ရေး လုပ်ငန်းစဉ်တွင် တိုးတက်ဆုတ်ယုတ်လာမှုအခြေအနေကို ညွှန်းကိန်းခန့်မှန်းရန်၊ စဉ်ဆက်မပြတ်တိုးတက်ရေး လုပ်ငန်းစဉ်များကို မူဝါဒတစ်ရပ်အနေဖြင့် ပြင်ဆင်ထားရှိရန်၊ လူတိုင်းအသိပညာ ဗဟုသုတကြွယ်ဝစေရန် ထောက်ပံ့အားပေးကူညီရန်နှင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်ရေးကို ကြိုဆိုရန်တို့ဖြစ်သည်။

ထို့ကြောင့် ယိုယွင်းပျက်စီးလာသော ပတ်ဝန်းကျင်ကို ကာကွယ်ထိမ်းသိန်းရန်အတွက် မိမိတို့နိုင်ငံမှအစပြုကာ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပူးပေါင်းကာကွယ်ရန် ဆော်သြရန်ဖြစ်သည်။

လက်တွဲပူးပေါင်း ဖျက်စီးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ ကမ္ဘာကြီးပူနွေးလာပြီး ပင်လယ်ရေမြင့်တက်အောင် မလုပ်သင့်ပုံကို ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် 'ဆော်သြဘာသပေးသံတွေ မြှင့်တင်လိုက်ပါ။ ပင်လယ်ရေတွေ မမြင့်ပါစေနဲ့' လို့ ကမ္ဘာမြေကြီး အခွန့်ရှည်တည်တံ့နေစေရန် အတူလက်တွဲကာကွယ်ကြရန်ဟု ရေးသားလိုက်ရသည်။

အင်းတော်မြို့နယ်အတွင်း အိပ်ငိုက်မောင်းနှင်ခြင်းကြောင့် လမ်းဘေးဓာတ်တိုင်ဝင်တိုက်၍ လျှပ်စစ်မီးပြတ်တောက်ခဲ့မှုဖြစ်ပေါ်ခဲ့

မော်လူး၊ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပင်ဝယ်ကျေးရွာအနီးတွင် မေ ၃၁ ရက် ညနေ ၄ နာရီခန့်က အိပ်ငိုက်၍မောင်းနှင်လာသော ဖိုးဝိုးကားသည် လမ်းဘေးဓာတ်တိုင်ဝင်တိုက်ပြီး တိမ်းမှောက်မှုကြောင့် လျှပ်စစ်မီးအချိန်အနည်းငယ် ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီးအတိုင်း ယာဉ်မောင်း သန့်ဇင်လွင် မောင်းနှင်လာသော ဖိုးဝိုးနီညိုရောင်ကားသည် အင်းတော်မြို့နယ်၊ ပင်ဝယ်ကျေးရွာဘက်မှ မောင်းနှင်လာစဉ် ကားလမ်းမိုင်တိုင်အမှတ် ၁၅၃/၀၁ ကြားတွင် လမ်းဘေးကွန်ကရစ်ဓာတ်တိုင်ကို ဝင်တိုက်သဖြင့် ဓာတ်တိုင်အောက်ခြေကျိုးကြေမွပြီး လျှပ်စစ်မီးများပြတ်တောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ယာဉ်မောင်းမှာ ငိုက်မြည်းပြီးမောင်းနှင်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း သန့်ဇင်လွင်၏ ဝဲဘက်မျက်ခုံးဒဏ်ရာအနည်းငယ်၊ ညာလက်ဖမိုး အနည်းငယ်ပွန်းပဲ့ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူ ဦးမောင်ဆန်း ၅၅ နှစ် ရွာသစ်ကုန်း၊ မိုးကောင်းမြို့နေသူမှာ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ကွန်ကရစ်ဓာတ်တိုင်အောက်ခြေ ကျိုးကျ၍ လျှပ်စစ်မီးမှာ လေးနာရီခွဲခန့် ခဏတာရပ်နားခဲ့ပြီး လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် မော်လူးလျှပ်စစ်မှ တာဝန်ရှိသူများက ပျက်စီးသွားသော ကွန်ကရစ်ဓာတ်တိုင်ကို ယာယီသစ်သားတိုင်အစားထိုးကာ အချိန်မီပြုပြင်ဆောင်ရွက်ခဲ့သဖြင့် ည ၈ နာရီခွဲခန့်တွင် လျှပ်စစ်မီးမှာပုံမှန်ရရှိခဲ့ကြောင်း ၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ သန့်ဇင်လွင် မင်းကုန်းရွာသစ်ကုန်း၊ မိုးကောင်းမြို့နယ်နေသူအား မော်လူးရဲစခန်းက ယာဉ်(ပ)၃/၁၄ ဖြင့် အရေးယူခဲ့ကြောင်း သိရသည်။ **(၀၅၈)**

(၅)ထပ်တိုက်အမြန်ရောင်းမည်
ရောင်းမည်
ရောင်းမည်/ငှားမည်

မကြီးကုန်းအုပ်စုကျေးရွာများ စိုက်ပျိုးရေအောင်မြင်၍ လာမည့်ရာသီတွင် သီးနှံများစိုက်ပျိုး ဖြစ်ထွန်းနိုင်

ကျောက်ပန်းတောင်း၊ ဇွန် ၃

ကျေးလက်နေပြည်သူများ၏ အဓိကလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိပြီး သီးနှံထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်ကာ၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားလာစေရန် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးချေးငွေဖြင့် မြေအောက်ရေတွင်းများ တူးဖော်စေခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မကြီးကုန်းအုပ်စုရှိ ကျေးရွာများတွင် အဆိုပါစိုက်ပျိုးရေများဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်ရေတွင်းက လေးလက်မတွင်းပါ။ ရေထွက်အားက တစ်နာရီကို ဂါလန် ၃၀၀၀ ကျော်လောက်ထွက်ပါတယ်။ စတူးတာကတော့ မေ ၂၆ ရက်က နဘဲကုန်းသားတွေနဲ့တူးခဲ့တာ။ လေးရက်ပဲကြာပါတယ်။ မိုးကြိုနှမ်းကတော့ မမီနိုင်တော့ဘူး။ ခုတိုင်းဆို မိုးနှမ်းပဲ စိုက်ဖို့ရှိပါတော့တယ်။ ဒီရေနဲ့ကတော့ သီးနှံရဖို့က သေချာနေပါပြီ" ဟု ပေါက်တောအရှေ့ရွာသား ဦးပေါ်ငြိမ်းက ပြောသည်။

အဆိုပါ စိုက်ပျိုးရေ တူးဖော်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပံ့ပိုးချေးငွေများကို ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပြီးခဲ့သည့်နှစ် ဩဂုတ် ၂၀ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ယခုလာမည့် ၂၀ ရက်တွင် တစ်နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ချေးယူထားသည့် တောင်သူများအနေဖြင့်လည်း အပြေအကျေပြန်လည်ပေးဆပ်ရန် စာချုပ်စာတမ်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

မကြီးကုန်းကျေးရွာအုပ်စုတွင် အိမ်အိုကျေးရွာမှ ခြောက်တွင်း၊ ပေါက်တောအရှေ့ရွာမှ သုံးတွင်း၊ ပေါက်တော အလယ်ရွာမှ တစ်တွင်းနှင့် နဘဲကုန်းကျေးရွာမှ တစ်တွင်း စုစုပေါင်း ၁၁ တွင်း တူးဖော်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ဝန်ထမ်းသားသမီးများအား ထောက်ပံ့ကြေးပေးအပ်

ကသာ၊ ဇွန် ၃

ကသာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၄ ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝန်ထမ်းသားသမီးများအား နှစ်စမှစ၍ နှစ်ဆုံးတိုင် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအကောင်းဆုံးရင်းနှီးမြှုပ်နှံမှုသည် ပညာရေးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့်လည်း ကာယ၊ ဉာဏ၊ စာရိတ္တဆိုသည့်အတိုင်း ကောင်းမွန်သောလူငယ်မှ အားကိုးရသောလူငယ်များဖြစ်အောင်၊ လူငယ်တွေကောင်းမှ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် ထောက်ပံ့နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနား၌ ကသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်တက်ရောက်နေသာ ဝန်ထမ်းသားသမီးရှစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေများပေးအပ်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အထက်တန်း၊ အလယ်တန်း၊ မူလတန်းတက်ရောက်နေသော ဝန်ထမ်းသားသမီး ၄၀ တို့အား စုစုပေါင်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀ ရှိ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အရှိန်မထိန်းနိုင်၍ လမ်းဘေးသစ်ပင်အားတိုက်မိ

မှော်ဘီ၊ ဇွန် ၃

မှော်ဘီမြို့နယ်အတွင်း ဇွန် ၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ရန်ကုန်-ပြည်လမ်းအတိုင်း မှော်ဘီဘက်မှ ရန်ကုန်ဘက်သို့ အင်းစိန်မြို့နယ်နေ ယာဉ်မောင်း ဦးကျော်တင့် မောင်းနှင်လာသော အီဇူဇူးလိုက်ထရပ်ကိုယ်ပိုင်ယာဉ်သည် ရွှေမြယာကျေးရွာ၊ မိုင်တိုင်အမှတ်(၄၁/၂)အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ သစ်ပင်အားဝင်ရောက်တိုက်မိခဲ့ကြောင်းသိရသည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်မောင်း ဦးကျော်တင့်နှင့် ယာဉ်ပေါ်ပါအမျိုးသားခုနစ်ဦးတို့တွင် ဖူးရောင်ပေါက်ပြဲ နာကျင်ဒဏ်ရာများရရှိခဲ့ပြီး မှော်ဘီဆေးရုံမှ တစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ(မစိုးရိမ်ရ) များအဖြစ် လွှဲပြောင်းကုသခဲ့ရကြောင်း သိရသဖြင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးကျော်တင့်အား မှော်ဘီမြို့မရဲစခန်းက ယာဉ်(ပ)၃၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့်အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း–MLA

မြို့ပတ်လမ်း အဆင့်မြှင့် ကတ္တရာထပ်ပိုးလွှာခင်းပြီး

ယင်းမာပင်၊ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ မြို့ပတ်လမ်း (ခ) ရပ်ကွက် ယုဇနလမ်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရွှေဦးမောင်တို့က အနီးကပ်ကြီးကြပ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်လုပ်ငန်းအဖြစ် အဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုအဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ပြီးစီးသော ယင်းမာပင်မြို့ (ခ)ရပ်ကွက်၊ ယုဇနမြို့ပတ်လမ်းသည် လမ်းအကျယ် ၁၂ ပေ၊ လမ်းအရှည်ပေ ၁၂၆၀ ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေး ဖြည့်စွက်ရန်ပုံငွေမှ ငွေကျပ် ၄၂ သိန်းကုန်ကျကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

ပုလဲသွယ်စပ်မျိုးစပါးစုပေါင်းမျိုးစေ့ချသရုပ်ပြပွဲနှင့် ကျောင်းအပ်နှံရေး အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

ဟားခါး၊ ဇွန် ၃

ချင်းပြည်နယ်၏ ဒေသဝမ်းစာဖူလုံရေးနှင့် ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်း(GAP) ပေါင်းစနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စုပေါင်းမျိုးစေ့ချ ပျိုးထောင်သရုပ်ပြပွဲကို မေ ၃၁ ရက် နံနက် ၇ နာရီခွဲက ဟားခါးမြို့နယ် သီးမစ်ကျေးရွာ၌ ကျင်းပသည်။

ချင်းပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ၂၆၀ ဧကကို စမ်းသပ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသိန်းဇော်က ဒေသနှင့်ကိုက်ညီသည့် ပုလဲသွယ် စပ်မျိုးစပါးကိုပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းဖြင့် မျိုးစပါးလျှော့ချနိုင်ပြီး ပျိုးခင်းမှ ပင်ပွားများပိုမိုရရှိကာ စပါးအထွက်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အဖွဲ့အစည်းဝင်များသည် နံနက် ၉ နာရီတွင် ဟားခါးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည့် ဟားခါးမြို့နယ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကိုဆက်လက်ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းငွေကျပ် ၈၅၀၀၀၀ ကို ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးရမ်မန်းကလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်များကိုယ်စား ဦးနီအွေးကကျပ် ၃၅ သိန်းကိုလည်းကောင်းပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များကအလှူငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။ **ချင်းပြည်နယ်(ပြန်/ဆက်)**











ဈေးကောင်း၍ လူကြိုက်များသော ဟန်မြင့်မိုရ် စိန်တလုံးသရက် အဝယ်ခက်တော့မည်

မန္တလေး၊ ဇွန် ၃

မန္တလေးသရက်သီးဈေးကွက်တွင် ဈေးကောင်း၍ လူကြိုက်များသော စိန်တလုံးသရက်သီးများ ဇွန်လဆန်းမှစ၍ ရှားပါးလာပြီး လလယ်ပိုင်းလောက်တွင် တဖြည်းဖြည်းပျောက်ကွယ်တော့မည်ဖြစ်ကြောင်း သရက်သီးဈေးကွက်မှ သိရသည်။

စိန်တလုံးသရက်သီးများကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ်ကျေးရွာမှ အများဆုံးစိုက်ပျိုးလျက်ရှိပြီး တပေါင်းလတွင် အကင်းများစတင်ထွက်ရှိ၍ ဧပြီလကုန်ပိုင်းမှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဟန်မြင့်မိုရ်ကျေးရွာရှိ စိန်တလုံးသရက်ခြံ လုပ်ငန်းရှင်များက ပြောသည်။

"တပေါင်းလဆန်းလောက်မှာ အကင်းလေးတွေစထွက်ပြီး အဲ့ဒီအချိန်မှာ အပင်ပတ်လည်နဲ့ အရွက်တွေကို ပိုးသတ်ဆေးဖျန်းပေးရတယ်။ အသီးကြီးထွားလာတဲ့အခါ ရာသီဥတုဒဏ်နဲ့ အရောင်လှအောင် တရုတ်ကထုတ်လုပ်တဲ့ ပလတ်စတစ်အိတ်တွေနဲ့ အသီးကိုထုတ်ထားပေးရတယ်။ ဧပြီနောက်ဆုံးပတ်ကစပြီး တရုတ်ပြည်နဲ့ ပြည်တွင်းဈေးကွက်ကို စတင်ရောင်းချပါတယ်" ဟု ခြံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စိန်တလုံးသရက်သီးများ စပေါ်ချိန်၌ အလုံးအသေးအကြီးအလိုက် တစ်လုံးလျှင် ကျပ်၂၀၀ မှ ကျပ် ၃၀၀ အတွင်းသာ ဈေးရရှိပြီး၊ တဖြည်းဖြည်းဈေးကောင်းလာကာ ရာသီကုန်ကာနီး ဇွန်လဆန်းလောက်မှစ၍ ကျပ် ၆၀၀ မှ ၇၀၀ ကျပ်အထိ ဈေးကောင်းရတတ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

"ရာသီချိန်ကုန်ကာနီးလေ ဈေးကောင်းရလေပါပဲ။ မေလမှာထွက်တဲ့အသီးက အရောင်လှပြီး ပိုချိုပါတယ်" ဟု ၎င်းက ထပ်မံပြောပြသည်။

စိန်တလုံးသရက်စိုက်ပျိုးသူများက သားသမီးကသာ မိဘကိုပစ်ပယ်တတ်သော်လည်း စိန်တလုံးသရက်ပင်များသည် ခြံပိုင်ရှင်ကို ပစ်ပယ်ခြင်းမရှိ အကျိုးဖြစ်ထွန်းမှုကိုသာ ပေးတတ်ပြီး မိသားစုဘဝကို ခိုင်မာစွာရပ်တည်နေနိုင်သော လုပ်ငန်းဖြစ်ကြောင်း သိရှိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ဆောင်းပါး

ပြည်ပန်းညို ချိုပါရက်ကယ်နဲ့

à aZ ,wk

မြန်မာအမည် ပြည်ပန်းညိုဟုခေါ်၍ မျိုးရင်း Caesalpiniaceae (စိန်ပန်းမျိုးရင်း) ဖြစ်သော ရုက္ခဗေဒအခေါ်အဝေါ် Cassia glacua Linn သည် သဘာဝအလျောက် ပေါက်ရောက်တတ်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ရှာရမခက်သော ဒေသသုံးဆေးဝါး၊ ဓာတ်စာပင် တစ်မျိုးဖြစ်သည်။

ပြည်ပန်းညို၊ ပြည်ပန်းရွှေဟု အပွင့်၊ အရွက်ကို အခြေခံ၍ အမည်အမျိုးမျိုးခေါ်ကြသည်။ ရှေးဆရာသမားတော်များက လူနာကို ဓာတ်စာကျွေးရာ၌ ပြည်ပန်းညိုကို အမြဲသုံးစွဲလေ့ ရှိကြ၏။ အရွက်၊ အပွင့်နှင့် အခေါက်တို့တွင် အရွက်မှာ သမားအကြိုက် လက်သုံးဖြစ်၏။

ပြည်ပန်းညိုပင်မှာ ပုံသဏ္ဍာန်အားဖြင့် အပင်ငယ်မျိုးဖြစ်ပြီး အမြင့် ၁၀ ပေကျော် ရှိသည်။ အကိုင်းအခက်များ၍ တောက်ပြောင်သော အရောင်ရှိ၏။ ဝါဆို၊ ဝါခေါင်လတွင် အပွင့်ပွင့်၍ တောက်ပသော အဝါရောင်ရှိသည်။ ရွက်မွှာများ၊ ရွက်ဆိုင်ထွက်ပြီး ထိပ်ဝိုင်းသည်။ ရွက်ပြားချော၍ ရွက်နားညီကာ သေးငယ်သော ရွက်စွယ်ပါရှိ၏။ အသီးမှာ သီးတောင့်ရှည်မျိုး ဖြစ်၍ ခြောက်လက်မမှ ရှစ်လက်မထိ ရှည်သည်။ အစေ့ ၂၀ မှ ၃၀ ထိ ပါရှိတတ်သည်။ တော်သလင်းမှ တန်ဆောင်မုန်းလအတွင်း အသီးသီး၏။

ပြည်ပန်းညိုတွင် Chrysophanic Acid ဒြပ်ပေါင်းပါဝင်သည်။ လည်ချောင်းနာနှင့် ချောင်းဆိုးရောဂါအတွက် အရွက်ကို ပြုတ်သောက်ခြင်း၊ အရွက်နုစားပေးခြင်း ပြုရုံဖြင့်သက်သာစေကြောင်း တွေ့ရသည်။ အပူကြောင့်၊ အသံထွက်ပြင်းထန် ပင်ပန်းမှုများကြောင့် ဖြစ်သော အသံဝင်ခြင်းများအားလည်း ပြည်ပန်းညိုရွက်ကို ထန်းလျက်အနည်းငယ်နှင့် ပြုတ်သောက်ရုံဖြင့် လုံလောက်သက်သာပျောက်ကင်းစေ၏။ ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် ပြည်ပန်းညိုအပင်မှ အရွက်နှင့်အခေါက်ကို ဆန်ပုန်းရည်နှင့် သုံးခွက်တစ်ခွက်တင်ကျို၍ တစ်နေ့သုံးကြိမ် သောက်ပေးပါက အံ့မခန်းအစွမ်းထက်သည့် ပျောက်ကင်းမှုကို ခံစားရပေလိမ့်မည်။ ပြည်ပန်းညိုရွက်သတ္တုရည်ကို နွားနို့နှင့်သကြား ရောစပ်သောက်ပါက ဆီးပူ ၊ ဆီးအောင့်နှင့် ညောင်းကျရောဂါများကို နိုင်နင်းသောကြောင့် အထိုင်များသော လုပ်ငန်းသမားများအတွက် စရိတ်နည်း၊ အဖိုးတန် နည်းလမ်းကောင်းတစ်ခုဖြစ်ပေသည်။

အမျိုးသားများ အနေဖြင့် ပြည်ပန်းညိုရွှေရွက်ကို ကြက်သည်း၊ သို့မဟုတ် ဆိတ်သားနှင့် ကြော်ချက်စားပါက ယောကျ်ားစွမ်းမရှိခြင်း၊ သေခြင်း၊ ညှိုးခြင်း၊ သုတ်ဓာတ်ခမ်းခြင်းတို့အတွက် အားကိုးလောက်သော ဆေးနည်းကောင်းလည်း ဖြစ်ကြောင်း တိုင်းရင်းဆေးပညာရှင်တို့၏ အထောက်အထားများအရ မျှဝေတင်ပြလိုပါသည်။

ချစ်ခင်ကြင်စ ဇနီးမောင်နှံများတွင် အခြေအနေအရ တစ်အိုးတစ်အိမ် မခွဲနိုင်



မီ နှစ်ဖက်မိဘများအနက် တစ်ဖက်ဖက်သို့ လိုက်နေ၊ ပေါင်းနေရတတ်ပါသည်။ ထိုအခါမျိုးတွင် မလွဲမသေ ရှောင်လွှဲမရသည်မှာ ယောက္ခမနှင့် သားမက်၊ ချွေးမပြဿနာ၊ ယောင်းမ၊ အဒေါ်၊ မရီး၊ မတ်၊ ယောက်ဖတို့နှင့် အစပ်အဟပ်မတည့်သော လူမှုရေးစိတ်ဝမ်းကွဲမှုများ စသည်တို့ကို ကြင်စမောင်နှံ ကြုံရပါလိမ့်မည်။ ချစ်ခင်ကြင်စ ဇနီးမောင်နှံနှယ် ပြည်ပန်းညိုဟင်းချိုလေးကား အလွန်ချိုလှ၏။ သို့သော် ဆားအစွက်များ၍ ခါးငန်သက်ရသော ပြည်ပန်းညို ဟင်းချိုတစ်ခွက်

ရှေးဆရာသမားတော်များက လူနာကို ဓာတ်စာကျွေးရာ၌ . . .

သဏ္ဍာန်အလား မိသားစုအဝန်းအဝိုင်း နှစ်ဖက်ကြားစကား ဆားပွင့်လေးများကြောင့် အရသာပျက်နေသော ဟင်းချိုခွက်လေးများအကြောင်း ကြားဖူးမြင်ဖူးကြပါလိမ့်မည်။

အိမ်ထောင်ရေးနယ်ပယ်နှင့် လူမှုဆက်ဆံရေး နယ်ပယ်တို့၌ ကြားဝင်ဆားစွက်တတ်သူများကြောင့် မူလသဏ္ဍာန် မပျက်စီးရလေအောင် ပညာရှိများက 'ပြည်ပန်းညို ချိုပါရက်ကယ်နဲ့ ဆားကဖျက်'ဟု စကားဥပမာ ချန်ထားခဲ့ဟန်တူပေသည်။ အချုပ်ဆိုရသော် ပြည်ပန်းညိုကို ဟင်းချိုပဲသောက်သောက်၊ ဆေးအတွက်ပဲ သုံးသုံး၊ လူ့လောက သဘာဝတို့အကြား လေးစားသတိချပ်စရာ နီတိသဖွယ် လက်ကိုင်ပဲထားထား လူသားနှင့် သစ်ပင်လေးကြားရှိ အကျိုးတရားအဖုံဖုံကို ဉာဏ်မီသိသမျှ တင်ပြလိုက်ရပေသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးကူးစက်လောင်ကျွမ်း

နေပြည်တော်၊ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့တွင် မေ ၃၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရွာမရပ်ကွက်နေ ဒေါ်သင်းသင်းဦး ၄၇ နှစ်၏ နေအိမ် မီးဖို မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် ၅၁ လုံး၊ စပါးကျီတဲခုနစ်လုံး၊ စပါးတင်း ၁၂၀၀၊ ကြက်ခြံနှစ်ခြံ၊ စပါးကြိတ်ခွဲစက်တစ်လုံးနှင့် နွားစာတဲ ငါးလုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၁ ဒသမ ၆၂ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေါ်သင်းသင်းဦးအား ချောင်းဦးမြို့မရဲစခန်း(ပ)၈၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် မီးဘေးသင့်အိမ်ထောင်စု ၅၁ စုမှ လူဦးရေ ကျား ၁၀၃ ဦး၊ မ ၁၂၆ ဦး၊ စုစုပေါင်း ၂၂၉ ဦးအား ချောင်းဦးမြို့၊ ရွာမရပ်ကွက်ရှိ မဟာအောင်မြေသာဇံ ဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည်။ **ရဲပြန်ကြား**

ခရီးတွင် ဝန်ပါ၍ နွားများပါသက်သာသည့် သစ်သားအစားထိုး လှည်းဆွဲတာယာဘီးများအား အသုံးပြုမှုများပြားလာ

ကျောက်ပန်းတောင်း၊ ဇွန် ၃

ကျွန်းသစ်ရှားပါးလာခြင်းနှင့် ကျေးလက်ဒေသများ၌ လှည်းမီးချသည့်လုပ်ငန်းများ တဖြည်းဖြည်း နည်းပါးလာသဖြင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ဝန်ကိုပိုမိုတင်ဆောင်၍ နွားများသက်သာစွာ သွားလာလှုပ်ရှားနိုင်ရန်အတွက် အညာကျေးလက်တောရွာများ၌ သစ်သားလှည်းဘီးအစား မော်တော်ကား တာယာဘီးဟောင်းများကို အစားထိုးသုံးစွဲလာကြကြောင်း သိရသည်။

လှည်းဆွဲ တာယာဘီးများလုပ်ဆောင်ရာတွင် ရှေ့ဦးစွာ ဝန်ရိုးတွင် လှည်းတံဖြင့်ဆက်သွယ်မည့် နပ်တိုင်ပေါက်ပါရှိသော ခွာတိုင်တပ်ဆင်ရကြောင်းသိရပြီး၊ လှည်းခွင်အမြင့်နှင့် အကျယ်ကိုချိန်၍ ရုပ်ကောက်တပ်ဆင်ခြင်း၊ ဟက်ခေါင်း၊ ဘောလ်ထိုင်နှင့် ဝန်ရိုးများကို ဝရိန်ဆော်ခြင်းများပြုလုပ်ရကြောင်း သိရသည်။

“ဒီတာယာဘီးတွေကို သုံးခြင်းအားဖြင့် ရေရှည်ခံတယ်၊ နွားသက်သာတယ်။ နောက်ပြီး အသားဘီးနဲ့ ဝန်တင်နိုင်တာထက် နှစ်ဆကျော်လောက် ပိုပြီးတင်နိုင်တယ်။ ဘီးတွေက သူ့ဘောလ်နဲ့သူဆိုတော့ ဆွဲရတဲ့နွားလည်း သက်သာတာပေါ့ဗျာ။ ပြီးတော့ အခုခေတ်မှာ အသားဘီးတစ်စုံကို ငွေနှစ်သိန်းလောက်ပေးရတာ။ ကျွန်တော့တာယာဘီးတစ်စုံမှ တစ်သိန်းနဲ့ရှစ်သောင်းဘဲကျတယ်ဗျာ။ ဒါလည်း ကွာတာပေါ့။ ကျွန်တော်တို့က ကုန်ကြမ်းကို ရန်ကုန်ကြက်တန်းက မှာရတာပါ။ တစ်ခါတလေ မှာတိုင်းမရလို့ ပစ္စည်းပြတ်တဲ့အချိန်ပဲ နားရတယ်။ ပစ္စည်းမရရင်တော့ ဝယ်လက်က ရှိပြီးသားပဲ။ ဒီကျောက်ပန်းတောင်းနယ်တင်မဟုတ်ဘူး ရေနံချောင်း၊ ချောက်၊ နတ်မောက်နဲ့ ညောင်ဦးနယ်ဘက်တွေကလည်း လာဝယ်ကြတယ်။ ခုတော့ ဒါတွေပဲ အသုံးများကုန်ကြပါပြီ”ဟု ကျောက်ပန်းတောင်းမြို့နယ်၊ တမွဝတီရပ်ကွက်၊ အောင်မာယလမ်းရှိ ဦးသောင်းထီနှင့် သားများအလုပ်ရုံမှ လုပ်ငန်းရှင် ဦးသောင်းထီက ပြောသည်။

ယင်းနောက်တွင် ရုပ်ကောက်များပိုမိုခိုင်ခန့်စေရန် စမူဆာထောက်ဟုခေါ်သည့် သုံးမြောင့်သံပြားကို အတွင်းမှဝရိန်ဆော်၍ တစ်ဖက်ဆီခုခံပေးထားသည့်အပြင် အပြင်တန်းတွင်လည်း သုံးမတ်လုံးသံချောင်းတိုဖြင့် တစ်ဖက်တစ်ချက်ဆီကို ဒေါက်အဖြစ် တပ်ဆင်ပေးထားသည်ကို တွေ့ရှိရပြီး၊ ဘီးနှင့်ဝန်ရိုးတွဲဆက် တပ်ဆင်ပြီးပါက နောက်ဆုံးအဆင့်အနေဖြင့် ဝန်ရိုးများကို ဆေးသုတ်ပေးရကြောင်း သိရသည်။

အညာကျေးလက်တောရွာများတွင် နွားကိုသာ အဓိကထားအသုံးပြုကာဆွဲသဖြင့် နွားလှည်းဟုခေါ်တွင် လူသိများကြပါသည်။ အဆိုပါနွားလှည်းကို ဝန်တင်ရန်သက်သက်ဆိုပါက လှည်းတစ်စီးတန်ဖိုးမှာကျပ် သုံးသိန်းကျော်ခန့် ရှိကြောင်းသိရပြီး၊ လှည်းဘီး၊ လှည်းအိမ်၊ လှည်းဝန်ရိုးနှင့် လှည်းဘဒေါင်းများမှာ သစ်သားကိုသာ အသုံးပြုကြကြောင်း သိရသည်။

၎င်းတို့အနက် အသုံးပြုသောအသားများမှာ လှည်းအိမ်အတွက် အင်သားကို အသုံးများကြပြီး၊ လှည်းဘဒေါင်းနှင့် လှည်းဝန်ရိုးအတွက် သစ်မာကိုသုံးစွဲကြပြီး၊ လှည်းဘီးအတွက်ကိုမူ ကျွန်းကိုသုံးစွဲ ပြုလုပ်ကြကြောင်းသိရသည်။

ထိုသို့အသားဖြင့်ပြုလုပ်သည့် လှည်းဘီးနှင့် ဝန်ရိုးများမှာ သုံးနှစ်မှ ငါးနှစ်ခန့်သာ စိတ်ချလက်ချ အသုံးပြုနိုင်ပြီး ၎င်းကာလထက် ကျော်လွန်ပါက လှည်းဘဒေါင်းများ ကျယ်လာခြင်း၊ လှည်းသံပတ်ခွေများ ချောင်လာသဖြင့် လှည်းမီးချပြုပြင်ရခြင်းများ၊ ဝန်ပိုတင်မိ၍ လှည်းဝန်ရိုးကျိုးခြင်းစသည့် အခက်အခဲများရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဒေသအလိုက် လိုအပ်ချက်ရှိသည့်အတိုင်း တာယာဆိုဒ်ကို အသုံးပြုတပ်ဆင်ပေးရကြောင်းနှင့် ဝန်ရိုးဘီးခွင် ၅၃ လက်မမှ ၅၆လက်မအထိ ပြုလုပ်ပေးရကြောင်းနှင့် ညောင်ဦးနယ်ဘက်မှ ၅၆ လက်မ ဘီးခွင်ကို သုံးဆွဲကြပြီး၊ ကျန်ဒေသများမှာ ၅၃ လက်မမှ ၅၅ လက်မအတွင်း ဘီးခွင်ကို သုံးဆွဲကြကြောင်း သိရသည်။

တာယာအမျိုးအစားမှာ ဒိုင်နာယာဉ်သုံး တာယာအဟောင်းများကိုသာ သုံးဆွဲခြင်းဖြစ်ပြီး၊ တာယာဆိုဒ်မှာ (၇၅၀-၁၆)၊ (၇၀၀-၁၆) ကိုသုံးဆွဲပြီး၊ လက်ရင်း/လက်ဖျားဘောလ်အစုံလိုက်နှင့် ဒစ်စဝိုးခွေများ နပ်များပါ အပြည့်အစုံတပ်ဆင်ပေးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းမှာ လျှပ်စစ်မီးပြတ်တောက်မှုမရှိပါက တစ်နေ့လျှင် လှည်းဘီးသုံးစုံပြီးကြောင်းနှင့် ဝရိန်ဆော်နှင့် တိုင်းထွာတပ်ဆင်သည့်လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားနှစ်ဦးကို တစ်နေ့လျှင် လုပ်အားခငွေကျပ်ငါးထောင်(ထမင်းကျွေး)နှင့် ငှားရမ်းထားရှိပြီး မိမိသားသမီးများနှင့် ဝိုင်းဝန်းလုပ်ဆောင်ခြင်း ဖြစ်ကြောင်းကိုလည်း ဦးသောင်းထီက ဆက်လက်ရှင်းပြသည်။

ထို့အပြင် ၎င်း၏အလုပ်ရုံမှ နွားဆွဲလေးဘီးပဲခွဲခုံများကိုလည်း အော်ဒါမှာယူပါက လက်ခံလုပ်ဆောင်ပေးကြောင်းသိရပြီး၊ လေးဘီးခွင်မှာ အလျား ၁၃ ပေ အနံလေးပေရှိပြီး၊ မှာယူသည့် ခုံအကျဉ်းအကျယ်ပေါ်မူတည်၍ တပ်ဆင်ပေးရကြောင်း သိရသည်။

၎င်းလေးဘီးခွင်ပေါ်တွင် အင်ဂျင်စက်အထိုင်၊ ပဲခွဲခုံအထိုင်များပါရှိသည့်အပြင် ရှေ့တွင် နွားဆွဲရန် ဆုံလည်ပွတ်ပြားကို ခိုင်ခန့်စွာတပ်ဆင်ပေးထားပြီး၊ အသုံးပြုသူအနေဖြင့် မိမိရပ်ရွာအတွင်းသာမက အခြားရွာများသို့လည်း လှည့်လည်၍ လုပ်ငန်းလုပ်ကိုင်နိုင်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းမှ ကျင်းပသော ပုံနှိပ်လုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းဆင်း

မန္တလေး၊ ဇွန် ၃

မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (MRPPA)မှ ကြီးမှူး ကျင်းပသော ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲမှုသင်တန်းနှင့် အော့ဖ်ဆက်ဆရာများ အရည်အချင်းမြှင့် မွမ်းမံသင်တန်းဆင်းပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက ရွှေဖြူပလာဇာ ဒုတိယထပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ပုံနှိပ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ဆောင်နေသည့် အော့ဖ်ဆက်ဆရာများ အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖြစ်သည်။

သင်တန်းကို ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်အပ်သည့် အချိန်မှစတင်ကာ စက်ရုံမှ ကုန်ပစ္စည်းထုပ်ပိုးပြီး အဆင့်ဆင့် စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် လက်တွေ့လုပ်ဆောင်နေသည့် လုပ်သားများကို စက်ပစ္စည်း ကိုင်တွယ်သည်မှစကာ စနစ်တကျ ဖြစ်စေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းသူများအနေဖြင့် မိမိတို့ စက်ရုံများတွင် စက်ပစ္စည်း ကိုင်တွယ် မောင်းနှင်ရာ၌ စနစ်တကျဖြစ်လာမည်ဖြစ်ပြီး စက်ပစ္စည်းများ၏ ရေရှည်ကြံ့ခိုင်မှုအပိုင်းကိုလည်း ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အပြင် အရည်အသွေးမြင့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုံနှိပ်လုပ်ငန်းကို စိတ်ဝင်စားသူများအား အခြေခံမှစတင်ကာ ပညာရှင်များအဖြစ် မွေးထုတ်ပေးမည့် သင်တန်းများကိုလည်း ဖွင့်လှစ်နိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ခဲ့ကြပြီး ထူးချွန်သင်တန်းသားသုံးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို မေ ၁၇ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ပြီး ဇွန် ၁ ရက်အထိ ၁၅ ရက်အကြာတွင် သင်တန်းဆင်းပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေဖြိုးအောင်









မွန်ပြည်နယ်အတွင်း လက်ရှိအချိန်တွင် ရော်ဘာပင် စိုက်ဧက ၁၃ သိန်းနီးပါး စိုက်ပျိုးထားနိုင်ခဲ့

ရန်ကုန်၊ ဇွန် ၃

မွန်ပြည်နယ်အတွင်း ယနေ့အချိန်ထိ ရော်ဘာပင်စိုက်ပျိုးထားသော ဧကပေါင်းမှာ ၁၃ သိန်းနီးပါးရှိပြီဖြစ်ကြောင်းနှင့် ရော်ဘာစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအား စိုက်ပျိုးနည်းစနစ်များနှင့် ထုတ်လုပ်မှုနည်းစနစ်များ မှန်ကန်မှုရှိစေရန်အတွက် ကူညီပေးလျက်ရှိကြောင်း မော်လမြိုင်မြို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မွန်ပြည်နယ်မှာ လက်ရှိအနေအထားအရ တစ်ပြည်နယ်လုံး အတိုင်းအတာနဲ့ဆိုရင်တော့ စိုက်ဧကပေါင်း ၁၃ သိန်းနီးပါးလောက်ကို ရှိနေပါပြီ။ တစ်ဧကမှာ ရော်ဘာပင်နှစ်ရာစိုက်ပျိုးနိုင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ မွန်ပြည်နယ်က ရော်ဘာစိုက်တာအများဆုံးဖြစ်သလို ရော်ဘာထွက်ကုန်ထွက်တဲ့ နေရာမှာလည်း အများဆုံးဖြစ်ပါတယ်" ဟု မော်လမြိုင်မြို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ အသုံးချသုတေသနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးက ပြောသည်။

ရော်ဘာပင်များသည် သေချာစနစ်တကျ စိုက်ပျိုးမည်ဆိုပါက စတင်စိုက်ပျိုးသည့်အချိန်မှ ခြောက်နှစ်ခန့်အကြာတွင် အစေးထုတ်ယူနိုင်ပြီး တစ်နှစ်လျှင် ရော်ဘာပင်တစ်ပင်မှ ရော်ဘာစေးငါးပေါင်ခန့် အစေးထုတ်ယူနိုင်ကာ ရော်ဘာပင်များ၏ ပျမ်းမျှသက်တမ်းမှာ ၃၅ နှစ်မှနှစ် ၄၀ အတွင်းဖြစ်ပြီး မွန်ပြည်နယ်မှ အဓိကစိုက်ပျိုးသော ရော်ဘာမျိုးစေ့မှာ PB-၂၆၀ မျိုးနှင့် BPM-၂၄ မျိုးတို့ဖြစ်သကဲ့သို့ အခြားစိုက်ပျိုးသော မျိုးစေ့အမျိုးအစား ၁၀ မျိုးကိုလည်း သက်ဆိုင်ရာဒေသနှင့် ကိုက်ညီလိုက်ဖက်မှုရှိစွာဖြင့် စိုက်ပျိုးနိုင်ရန် နှစ်ရှည်ပင်များအသုံးချသုတေသနမှ ရွေးချယ်ပေးနေကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ရော်ဘာစိုက်ပျိုးရေး လုပ်ကိုင်နေသူများအား စိုက်ပျိုးနည်းစနစ်များနှင့် ထုတ်လုပ်မှုနည်းစနစ်များ မှန်ကန်စေရန်အတွက် မော်လမြိုင်မြို့ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ရှည်ပင်များအသုံးချသုတေသနမှ ပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်း၊ မျိုးခွဲခြားခြင်းသင်တန်းနှင့် ရော်ဘာပင်အစေးလှီးသင်တန်းများ ပို့ချပေးလျက်ရှိပြီး ယခုလ ၁၆ ရက်မှ ၂၇ ရက် အတွင်းတွင်လည်း ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်မည်ဟုလည်း သိရသည်။

"လက်ရှိရော်ဘာခြံတွေမှာ အလုပ်လုပ်သူတွေ၊ ခြံလုပ်ငန်းလုပ်မယ့်သူတွေ၊ ကုမ္ပဏီကစိုက်ပျိုးရေးလုပ်ငန်းလုပ်နေတဲ့သူတွေပါဝင်တဲ့ အဓိကကပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ပြီး ဖွင့်ပေးတာပါ။ စာတွေ့ရော လက်တွေ့ရော နှစ်ခုလုံးပါပါတယ်။ လိုအပ်ရင် ဒီနှစ်ထဲမှာ နောက်တစ်ကြိမ်ထပ်ဖွင့်ဦးမှာပါ" ဟု စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကြည်စိုးက ပြောသည်။

မြန်မာနိုင်ငံတွင် အစေးထုတ်ရန် သတ်မှတ်ချက်ပြည့်မီသော ရော်ဘာပင်များကို တစ်နှစ်လျှင် ခုနစ်လ အစေးထုတ်၍ နှစ်လနားလေ့ရှိပြီး အစေးထုတ်ယူသောလများမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဧပြီ၊ မေလတို့ဖြစ်ကာ ဖေဖော်ဝါရီနှင့် မတ်လအား စက်တင်ဘာမှ ဇန်နဝါရီ အစေးထုတ်ပြီးချိန်တွင် ရပ်နားလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

စိုးအောင်ဖေ

မိုးနဲတွင် စွန့်လွှတ်သည့် စိုက်ပျိုးမြေယာများကို မူလတောင်သူ ၄၃၆ ဦးထံသို့ ပြန်လည်ပေးအပ်

မိုးနဲ၊ ဇွန် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်းရှိ စွန့်လွှတ်သည့်စိုက်ပျိုးမြေယာ ၁၃၁၈ ဒသမ ၄၆ ဧကအား မူလတောင်သူ ၄၃၆ ထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီတွင် မိုးနဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကမ္ဘောဇခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ လင်းခေးခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးနဲမြို့နယ် လယ်ယာစီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တောင်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လင်းခေးခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးစန်းယုက စွန့်လွှတ်သည့်စိုက်ပျိုးမြေများကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်ရခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ၎င်းစွန့်လွှတ်မြေယာများအား သက်ဆိုင်ရာမူလတောင်သူများထံသို့ ယာယီမြေပိုင်လက်မှတ်များအား ပေးအပ်ရာ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က မိုးနဲမြို့နယ် ဆိုင်းဖယ်ကျေးရွာမှ တောင်သူ ၄၁၇ ဦးထံသို့ စိုက်ပျိုးမြေဧက ၁၂၅၀ ဧက၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ လင်းခေးခရိုင်မြေစာရင်းဦးစီးမှူး ဦးစန်းယုက လင်းခေးခရိုင်၊ ကျိုင်းတောင်းမြို့နယ်ခွဲမှ တောင်သူကိုးဦးထံသို့ စိုက်ပျိုးမြေ ၂၅ ဒသမ ၀၆ ဧကအား ပေးအပ်ခဲ့သည်။

မိုးနဲမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ကျိုင်းတောင်းမြို့နယ်ခွဲမှ တောင်သူ ၁၀ ဦးထံသို့ စိုက်ပျိုးမြေဧက ၄၃ ဒသမ ၄၀ ဧကတို့ကို အသီးသီးပြန်လည်ပေးအပ်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် စွန့်လွှတ်သည့်စိုက်ပျိုးမြေ စုစုပေါင်း ဧက ၁၃၁၈ ဒသမ ၄၆ ဧကကို စုစုပေါင်းတောင်သူ ၄၃၆ဦးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းလတ်(လင်းခေး)

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့တွင် အရန်သားဖွားသင်တန်း သင်တန်းသူ ၁၅ ဦးတက်ရောက်

ဝမ်းတွင်း၊ ဇွန် ၃

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဝမ်းတွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ အရန်သားဖွားသင်တန်းကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်ရသည့် အရန်သားဖွားသင်တန်းတွင် တက်ရောက်မည့် သင်တန်းသူ ၁၅ ဦးရှိပြီး သင်တန်းကာလမှာ မြို့ပေါ်သုံးလ၊ ကွင်းဆင်းသုံးလ၊ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည်။

ထို့ပြင်မိခင်နှင့်ကလေးအသက်ရှင်နိုင်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ စုံလင်စွာတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ဒွေးလှိုင်(ဝမ်းတွင်း)

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် လမ်းလယ်ကျွန်း ဘာရီယာတုံးများအား တိုက်မိ၍ယာဉ်တိမ်းမှောက်

နေပြည်တော်၊ ဇွန် ၃

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၁၀၁/၇)နှင့်(၁၀၂/၀)ကြားတွင် မေ ၃၁ ရက် နံနက် ၃ နာရီ ၄၅ မိနစ် က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှမန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ရဲလွင်အောင်(၂၆)နှစ်မောင်းနှင်လာသော ဟွန်ဒါဖစ်ယာဉ်သည် အရှိန်လွန်၍ လမ်းလယ်ကျွန်း ကာရံထားသည့် ဘာရီယာတုံးများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိတိမ်းမှောက်မှုကြောင့် ရဲလွင်အောင်နှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသမီး လေးဦးနှင့်အတူ စုစုပေါင်းငါးဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ရကြောင်းသိရသည်။

အဆိုပါယာဉ်မောင်းရဲလွင်အောင်အား လမ်းလယ်ကျွန်ပေါ်သို့ရောက်ရှိ၍ယာဉ်တိမ်းမှောက်မှုကြောင့် မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်(ပ)၃၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံစက်ကြီးများဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁) နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

(၂) စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ခလရ (၉၀)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၆၄၅၇၃၂

(၃) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈-လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၁/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ/မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-019(14-15)	Geological Survey Instrument and Field Equipment (2) Items	US$
(၂)	IFB-020(14-15)	Data Processing Center & Interpretation Work Station (1)Lot	US$
(၃)	IFB-021(14-15)	Mud Agitator Unit With Motor Driven (7.5KW)(3)Units	US$
(၄)	IFB-022(14-15)	Spares for K-700A Rig Pump & K-280 Mixing Pump (12)Items	US$
(၅)	IFB-023(14-15)	Spares for Triplex Mud Pump (Bentonite Pump)Ex HDD Rig (14)Items	US$
(၆)	IFB-024(14-15)	Spares for HDD Rig (13)Items	US$
(၇)	IFB-025(14-15)	Spares for Cabot Franks Servicing Truck (1) Item	US$
(၈)	IFB-026(14-15)	Fire Fighting Truck (5000 L) (1)Unit	US$
(၉)	IFB-027(14-15)	Stirred Fluid Loss Cell (Model-7120) (1)Set	US$
(၁၀)	DMP/L-008(14-15)	Transformer Welding Set with Accessories (1)Lot	Kyats

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်းများ၏
၂၀၁၄-၂၀၁၅၊ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါ၍ အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း) အောင်မြင်သော အသက်(၁၇)နှစ်အောက် ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ အစိုးရနည်းပညာအထက်တန်းကျောင်း၊ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်၊ ပထမနှစ်သင်တန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်း၊ (၂)နှစ်သင်တန်းတွင် ရိုးရိုးအဆင့်ဖြင့် အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးပါက A.G.T.I ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ်(Certificate)ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်းဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

ဖွင့်လှစ်မည့်သင်တန်းများ

၄။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း (Information Technology)

သင်ကြားရမည့်ဘာသာရပ်များ

၅။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

(က) မြန်မာစာ	(င) ဓာတုဗေဒ
(ခ) အင်္ဂလိပ်စာ	(စ) ဘောဂဗေဒ
(ဂ) သင်္ချာ	(ဆ) မိမိသင်တန်း၏အထူးပြုဘာသာရပ်
(ဃ) ရူပဗေဒ	(ဇ) ပုံဆွဲဘာသာရပ်

ကျောင်းအပ်စတင်လက်ခံမည့်ရက် - ၂၉-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)
ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - ၉-၆-၂၀၁၄ ရက် (တနင်္လာနေ့)
ကျောင်းအပ်လက်ခံမည့်နောက်ဆုံးရက် - ၂၇-၆-၂၀၁၄ ရက် (သောကြာနေ့)

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ကျောင်းအပ်ရက်အတွင်း မိမိတက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1686 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ 132 KV Transmission Line and Substation တည်ဆောက်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေ(USD) in EPC/Turnkey Basis ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၂၆-၆-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၄-၇-၂၀၁၄ ရက်၊ ၁၂း၀၀နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉၄၅၀၅၃၉၂၄၈၊
ဖက်စ်-၀၆၇-၄၁၃၅၃၁

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	YAMAHA 40HP Engine Spare Parts	1Lot

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ ၃၀-၆-၂၀၁၄ရက် ညနေ ၁၆း၃၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၂-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MAKASSAR HIGHWAY V.148A သင်္ဘောသည် ၆-၆-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက်လိုအပ်သော Tractor, Hand Tractor,Trailer,Combine Harvester, Transformer, မျိုးစေ့သန့်စင်စက်၊ မျိုးစေ့အခြောက်ခံစက်၊ လယ်ယာသုံးစက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ၊ ထွန်ထယ်ကိရိယာများ၊ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးမိုက်ခရိုစကုပ်များ၊ ကျောင်းဆောင်သုံး၊ မီးဖိုဆောင်သုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၃-၆-၂၀၁၄ ရက်၊ ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.36 သင်္ဘောသည် ၆-၆-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အမြန်ရောင်းမည်

ဝါးခယ်မမြို့၊ မြူရုံးလမ်း၊ စာရေးကုန်းရပ်ကွက်၊ အမှတ်(၆၃)၊ ၅ပင်၊ ၄ခန်း၊ နှစ်ထပ်(တိုက်ခံ)အိမ်ကို မြေနှင့်တွဲစပ်လျက် ရေမီး အပြည့်အစုံဖြင့် အမြန်ရောင်းမည်။

ဖုန်း-၀၁-၅၅၂၃၆၅၊ ၀၉-၃၁၅၂၈၆၄၄၊ ၀၂-၃၉၉၀၂၊
၀၉-၈၅၃၇၄၉၀၊ ၀၉-၄၉၂၂၃၅၁၁၊ ၀၉-၄၂၁၁၁၄၅၂၅



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁B၊ မြေကွက်အမှတ်-V၃၈၉၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ (၁၂၁)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မတင်)အမည်ပေါက် နှစ်(၉၀)ဂရန်သက်တမ်းမြေအား အမည်ပေါက် မတင် ခင်ပွန်း ဦးစု ကွယ်လွန်သဖြင့် ဦးမိုးကြွယ် [၁၂/မဂတ(နိုင်)၀၅၆၆၅၁]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(7B/2471)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၆၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၇/ခ)၊ ဘရဏီ(၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်လှ(တရားပြိုင်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်လှ တရားရှုံး(ကိုယ်စား) တရားရုံးဘီလစ် ဒေါ်နန့်ဆန်သိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၅/၁၄)နှင့် တရားမဇာရီမှုအမှတ်(၁၉/၁၄)အား တာဝန်ပေးအပ်ကြောင်း အကြောင်းကြားစာတို့ကိုတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

လွင်ရွှေရီဟန်(ခ)ရွှေရီစံ[၁၂/တမန(နိုင်)၁၀၆၁၃၀] ကိုင်ဆောင်သူသည် ဆုံးမမှုမနာခံပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ “ထက်ထက်မင်း” အပ်ချုပ်လုပ်ငန်းနှင့်လည်း လွင်ရွှေရီဟန်သည် လုံးဝပတ်သက်မှုမရှိပါကြောင်း ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးဟန်မြင့်
[၁၂/ရကန(နိုင်)၀၅၂၉၈၃]

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါက်တာဝင်းမြမြအေး M.B.,B.S(YGN)
တာဝန်ခံဆရာဝန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) လူမှုဖူလုံရေးအဖွဲ့
(၄-၆-၂၀၁၂) မှ (၄-၆-၂၀၁၄)ထိ

မိသားစုအပေါ် သံယောဇဉ်ကြီးမားသော **"အေး"** **"ကို"**တို့မိသားစုနဲ့ ခွဲခွာသွားခဲ့တာ ယနေ့ဆို (၂)နှစ်ပြည့်ခဲ့ပါပြီ။ ဘဝတစ်လျှောက် အခက်အခဲများအား လက်တွဲရင်ဆိုင်ခဲ့သောအချိန်များအား အစဉ်သတိရအမှတ်ထင်လျက်ပါ။ သားတွေရဲ့အောင်မြင်မှုရရှိချိန် အနားမှာမရှိတာ ဝမ်းနည်းမိပါတယ်။ **"အေး"**အတွက်ရည်စူးပြီး ပြုခဲ့သောအလှူဒါနများအတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ရသော"ကို" ဗိုလ်ကြီးအောင်ကျော်မင်း(ငြိမ်း)
ချစ်ရသော"သားကြီး" မောင်ကျော်ဇောဟိန်း
ချစ်ရသော"သားငယ်" မောင်မင်းထွဋ်ကျော်[G.10(F) အ-ထ-က(၁) ဒဂုံ]

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကျော်မြင့်
အသက်(၇၅)နှစ်
ဆေးရုံမှူး(ငြိမ်း) ဖြူးမြို့

သက်ဆုံးတိုင် သူငယ်ချင်းကောင်းပီသသူ ဒေါက်တာကျော်မြင့်သည် ၂၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူ ဒေါ်ညိုညိုမိသားစုနှင့်ထပ်တူ အထူးနှမြောတမ်းတ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း မြင့်မြတ်သောဘုံဘဝတွင် စံမြန်းနိုင်ပါစေ။

ဒေါက်တာလှစိန်-မန္တလေး မိသားစု

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ည)၊ ဂရန်အမည်ပေါက် ဒေါ်မြင့်စိုး[၁၂/ဥကမ(နိုင်)၀၈၃၄၈၉]၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော အိမ်အမှတ်-၃၂၂၊ ဘုမ္မာ(၁၁)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၏ မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဂရန်မိတ္တူမှန်ပြန်လည်လျှောက်ထား ထုတ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်စိုး[၁၂/ဥကမ(နိုင်)၀၈၃၄၈၉]
ဖုန်း-၀၉-၃၁၂၉၈၄၀၇

ဦးအောင်မြင့်[၁၂/ကတတ(နိုင်)၀၂၈၅၂၈]လ/ထညွှန်ကြားရေးမှူး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန]နှင့် အများသိစေရန်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃(အေ)၊ မြေကွက်အမှတ်(၄၃)၊ အမှတ်(၇၅)၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့်ပတ်သက်၍ ဦးအောင်မြင့်၊ ဒေါ်စုစုမွေး၊ ဒေါ်မိုးသီတာမွေး၊ ဒေါ်ခင်ခင်ညိုမွေး၊ ဒေါ်သက်သက်မွေး၊ ဒေါ်မီးမီးမွေးတို့မှ ဒေါ်လှလှမွေးအား ၁၆-၁၁-၂၀၁၁ရက်တွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်ဖြင့် လွှဲပေးထားရာ အဆိုပါကိုယ်စားလှယ်လွှဲစာအရ ဒေါ်လှလှမွေးမှ ကျန်မောင်နှမများ ကိုယ်စားရောင်းချပိုင်ခွင့်ရှိသည့်အလျောက် ဦးဇော်ဝင်းနိုင်အား ၂၆-၅-၂၀၁၃ရက်တွင် တရားဝင်ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချမည့်ကိစ္စ ဦးအောင်မြင့်အား အသိပေးပြီး ဦးအောင်မြင့်၏ သဘောတူညီချက်ဖြင့် ရောင်းချခြင်းဖြစ်ပါသည်။ ထိုသို့ရောင်းချပြီးနောက် ရောင်းချငွေတစ်စိတ်တစ်ဒေသကိုလည်း မောင်နှမ(၆)ဦးရှေ့တွင် ဦးအောင်မြင့်ကိုယ်တိုင် လက်မှတ်ရေးထိုးရယူထားပြီးဖြစ်ပါသည်။ ထိုသို့ ၎င်း၏ဆန္ဒအရ ဆောင်ရွက်ထားပြီးမှန်းသိလျက် တမင်သက်သက် အထွေထွေကိုယ်စားလှယ်အားတစ်ဖက်သက်ပြန်လည်ရုပ်သိမ်းခြင်းနှင့် ရောင်းချခြင်းအား ကန့်ကွက်ကြောင်း ၂၃-၅-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ အထက်တန်းရှေ့နေဦးအေးထွန်းမွေး၏ ကြော်ငြာချက်အား ဒေါ်လှလှမွေးပါ(၆)ဦးမှ လုံးဝလက်မခံနိုင်ပါ။ အဆိုပါ ကြေညာချက်အား ဤကြော်ငြာသည့်နေ့မှ(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ တောင်းဆိုချက်ကို လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်လှလှမွေး၊ ဒေါ်စုစုမွေး၊
ဒေါ်မိုးသီတာမွေး၊ ဒေါ်ခင်ခင်ညိုမွေး၊
ဒေါ်သက်သက်မွေး၊ ဒေါ်မီးမီးမွေး

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း(B.A-Law,LL.B)
တရားလွှတ်တော်ရှေ့နေ
တိုက်-၉/၁၁၊ အခန်းအမှတ်-၃၀၆(၁-၂)၊
၃-လွှာ၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း-၀၉-၇၃၀၁၉၈၅၃၊ ၀၃-၃၁၀၄၆၃၄၅

အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့နယ်၊ ကူတို့ကျေးရွာနေ အသက်(၁၀)နှစ်ရှိ ဦးသောင်းရွှေ၏သမီး မသံသာယာရွှေအား ဦးနိုင်နိုင်ချစ်-ဒေါ်နုနုထွေး ဇနီးမောင်နှံတို့က ထားဝယ်မြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂၆-၅-၂၀၁၄ရက်စွဲပါ အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ်(၄/၂၀၁၄)အရ တရားဝင်မွေးစားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မသံသာယာရွှေ(၁၀)နှစ်သည် ကျွန်တော်၊ ကျွန်မတို့၏တရားဝင်သမီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(ဖခင်)ဦးနိုင်နိုင်ချစ်[၆/ထဝန(နိုင်)၀၃၉၈၇၁]
(မိခင်)ဒေါ်နုနုထွေး[၆/ထဝန(နိုင်)၀၅၉၃၄၅]

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၄ဃ/၃၁၆၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဝမ်းနည်းကြေကွဲခြင်း
ဆရာဦးသန်းရှိန်(ရူပဗေဒ)
နည်းပြ စက်မှုလက်မှုအထက်တန်းကျောင်း၊ မေမြို့
အထွေထွေဌာန စက်မှုလက်မှုသိပ္ပံ အင်းစိန်

ဘယ်လိုမှ မေ့မရတဲ့ဆရာ
ဘယ်တော့မှလည်းမမေ့ဘူးဆရာရယ်
ပြန်ပြီးဆုံတွေ့ကြတာ မကြာသေးဘဲ
ခွဲခွာသွားတဲ့အတွက် မိသားစုနဲ့ထပ်တူ
ဝမ်းနည်းကြေကွဲရတယ်ဆရာ။

စက်မှုလက်မှုအထက်တန်းကျောင်း၊ မေမြို့ကျောင်းသားဟောင်းများ
စက်မှုလက်မှုသိပ္ပံအင်းစိန်ကျောင်းသားဟောင်းများ
အောင်မြန်မာဆောက်လုပ်ရေးမိသားစု
အောင်ပြည့်စုံဆောက်လုပ်ရေးမိသားစု
မေမြို့အုပ်စုဆောက်လုပ်ရေးမိသားစု
ဘိုဘိုဟိန်းဆောက်လုပ်ရေး
မောင်ယုနိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၉ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၆၀၉/ခ)မြေကွက်အမှတ် (သောင်ကြီးမြောက်၅/၆၀၉/ခ)ဟု ခေါ်တွင်သည့် မြေဧရိယာ အလျား×အနံပေ(၂၀×၆၀)ရှိသော ဦးမောင်စိုးအမည်ပေါက် ပါမစ်မြေကွက်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုဝန်ခံသူဦးအောင်မင်း (Chairman-Aung Myin Pyae Sone Construction Co.,Ltd) [၁၄/ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

ဒေါ်သီတာအောင်[၁၃/တကန(နိုင်)၁၄၁၄၁၆]
ဖုန်း-၀၉-၄၅၀၀၃၉၃၂၀

အများသိစေရန်ကြေညာချက်

